# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၇၈)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# Covid ထက် မိမိတို့က ပိုပြီး အင်အားရှိတယ်၊ ပိုပြီးရှင်သန်နိုင်စွမ်းရှိတယ်ဆိုတာ ပြသနိုင်ဖို့ အားလုံးဆက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း ရေးသားဖော်ပြ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid သက်တမ်း နှစ်တစ်ဝက်ကျော်ခဲ့ပြီး ရောဂါထက် မိမိတို့က ပိုပြီး အင်အားရှိတယ်၊ ပိုပြီးရှင်သန်နိုင်စွမ်းရှိတယ်ဆိုတာ ပြသနိုင်ဖို့ ပြည်တွင်း၊ ပြည်ပ ပြည်သူတွေ အားလုံး ဆက်ပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နောက်ဆုံးရထားတဲ့ကိန်းဂဏန်းတွေအရ မနေ့ကအထိ Quarantine ဝင်နေဆဲ အရေအတွက် ၂၄၃၀၄ ဦး ဖြစ်ပါကြောင်း၊ Quarantine နေရာတွေက တစ်နိုင်ငံလုံးမှာ ၆၁၉၅ ခု ရှိပါကြောင်း၊ ပြင်ပမှ ပြန်လာတဲ့ ပြည်သူတွေ အရေအတွက်ကတော့ ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီ၊ ရှမ်း၊ ရန်ကုန်(လေဆိပ်) အားလုံးပေါင်းလိုက်ရင် တစ်နေ့ကို ၁၀၀၀ ကျော် ရှိနေပါသေးကြောင်း။

နိုင်ငံရပ်ခြားရောက်နေတဲ့ ပြည်သူတွေ အမြန်ပြန်လာချင်တယ်ဆိုတာ မိမိတို့နားလည်ပါကြောင်း၊ ဒါပေမဲ့ စနစ်တကျ ပြင်ဆင်မှုမရှိဘဲ အများကြီး ပြုံပြီးဝင်လာခွင့်ပေးရင် လိုအပ်တဲ့ စောင့်ရှောက်မှုပေးနိုင်မှာ မဟုတ်ပါကြောင်း၊ Covid ရောဂါ ကူးစက်ခံထားရသူများလည်း ပါလာတာကြောင့် စစ်ဆေးရေး အစီအစဉ်တွေသာမက လိုအပ်ရင် ကုသပေးရေးအတွက်ပါ စဉ်းစားလုပ်ဆောင်ရပါကြောင်း၊ ပြန်လာသူတွေ များလာတာနဲ့အမျှ Quarantine လုပ်ထားတဲ့ နေရာတွေ မလုံမလောက်ဖြစ်မှာကို သတိထားရတဲ့အပြင် ဆေးရုံနေရာတွေ၊ ဆေးတွေ၊ ကုသရေးပစ္စည်းတွေ၊ ကျန်းမာရေး ဝန်ထမ်းတွေ ပြည့်စုံဖို့အတွက် ဆောင်ရွက်ရပါကြောင်း။

အားလုံးအတွက် အဆင်ပြေနိုင်ဖို့ ပြည်တွင်းကို ပျံ့သန်းတဲ့ လေယာဉ် အရေအတွက်ကို ကန့်သတ်ထားတာ ဖြစ်ပါကြောင်း၊ ပြန်လာကြဖို့ စောင့်နေတဲ့ ပြည်သူတွေ သည်းခံပေးကြပါ။ စည်းကမ်းတင်းကျပ်လွန်းတယ် မထင်ပါနဲ့။ အချို့နိုင်ငံတွေမှာ တစ်နေ့တည်း သောင်းဂဏန်းနဲ့ချီပြီး ရောဂါဖြစ်နေပါသေးကြောင်း။

ဘာလိုလိုနဲ့ Covid သက်တမ်း နှစ်တစ်ဝက်ကျော်ခဲ့ပြီး ရောဂါထက် မိမိတို့က ပိုပြီးအင်အားရှိတယ်၊ ပိုပြီးရှင်သန်နိုင်စွမ်းရှိတယ်ဆိုတာ ပြသနိုင်ဖို့ ပြည်တွင်း၊ ပြည်ပ ပြည်သူတွေအားလုံး ဆက်ပြီးပူးပေါင်းဆောင်ရွက်ဖို့လိုပါကြောင်း ရေးသားထားသည်။

> “နိုင်ငံရပ်ခြားရောက်နေတဲ့ ပြည်သူတွေ အမြန်ပြန်လာချင်တယ်ဆိုတာ မိမိတို့နားလည်ပါကြောင်း၊ ဒါပေမဲ့ စနစ်တကျ ပြင်ဆင်မှုမရှိဘဲ အများကြီး ပြုံပြီးဝင်လာခွင့်ပေးရင် လိုအပ်တဲ့ စောင့်ရှောက်မှုပေးနိုင်မှာ မဟုတ်ပါကြောင်း၊ Covid ရောဂါ ကူးစက်ခံထားရသူများလည်း ပါလာတာကြောင့် စစ်ဆေးရေးအစီအစဉ်တွေ သာမက လိုအပ်ရင် ကုသပေးရေးအတွက်ပါ စဉ်းစားလုပ်ဆောင်ရ”



# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၄၂ ဦး မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၄၂ ဦး မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက် အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင်


*စာမျက်နှာ ၁၅ ကော်လံ ၁* ❑



**မြေစာရင်းပုံစံ (၁၀၅) ဆိုရာဝယ်**

ဆောင်းပါး – စာ ၆

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်**

စာ ၈

**COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၆

မြန်မာ့အလင်း

# သမိုင်းအမွေအနှစ်များ ထိန်းသိမ်းရေး

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်နီးပါးခန့် ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ သမိုင်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ဖြိုချဖျက်ဆီးခံလိုက်ရသည်။ ထိုအဆောက်အအုံနှင့်အတူ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းပါ တဖြည်းဖြည်းချင်း မှိန်ဖျောက်ခံခဲ့ရလေသည်။ တန်ဖိုးထားမြတ်နိုးသူတို့က ကျောင်းသားသမဂ္ဂဟူသည့် ဝိညာဉ်ကို ဆက်လက်ထိန်းသိမ်းထားခဲ့ခြင်းဖြင့်သာ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းတို့ ရှင်သန်ကျန်ခဲ့သည်ဟု ဆိုသော်ရကောင်း၏။

အမှန်တော့ မြန်မာ့လွတ်လပ်ရေးသမိုင်း၌ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂသည် အလွန်တန်ဖိုးကြီးသော အမွေအနှစ်တစ်ခု ဖြစ်ချေ၏။ မြန်မာ့လွတ်လပ်ရေးဖိသုကာ ဦးအောင်ဆန်း၏ လွတ်လပ်ရေးလှုပ်ရှားမှု နိဒါန်းပျိုးရာ၊ ဘူမိနက်သန်အသေအချာ ဖြစ်ပေ၏။ အနီ ကျောင်းသားသမဂ္ဂကပင် မြန်မာ့လွတ်လပ်ရေးသမိုင်းထဲက ခေါင်းဆောင်အမြောက်အမြားကို မွေးထုတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့်ပင် ရန်ကုန်တက္ကသိုလ်သည် လည်းကောင်း၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂသည် လည်းကောင်း၊ အမျိုးသားလွတ်လပ်ရေးသမိုင်း၏ တန်ဖိုးကြီးလှသော အမွေအနှစ်ဖြစ်ချေ၏။ နိုင်ငံများတွင် မိမိတို့ တန်ဖိုးထားထိန်းသိမ်းကြသည့် အမွေအနှစ်များရှိကြ၏။ အမျိုးသားအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအမွေအနှစ်၊ သဘာဝအမွေအနှစ် စသည်ဖြင့် ရှိကြ၏။ အမွေအနှစ် ဟူသည် တန်ဖိုးထားမှုပေါ်တွင် တည်၏။

မိမိနိုင်ငံ၏ သမိုင်းကို ချစ်မြတ်နိုးသူတို့အတွက် သမိုင်းဆိုင်ရာ အချက်အလက်များ၊ သမိုင်းထဲက လူပုဂ္ဂိုလ်များ၊ သမိုင်းထဲက စကားများ၊ သမိုင်းထဲက အယူအဆအတွေးအခေါ်နှင့် မိန့်ဆိုချက်များ၊ သမိုင်းထဲကအမှတ်တရပစ္စည်းများ၊ အဆောက်အအုံများတို့သည် တန်ဖိုးမဖြတ်နိုင်။

ထိုအမွေအနှစ်များသည်ကား တန်ဖိုးထားတတ်သူ၊ တန်ဖိုးကို သိနားလည်တတ်သူတို့ကသာ မြတ်နိုးထိန်းသိမ်းတတ်လေ့ရှိကြ၏။

သမိုင်း အမွေအနှစ်ဖြစ်စေ၊ ဘာသာရေး အမွေအနှစ်ဖြစ်စေ၊ ယဉ်ကျေးမှု အနုပညာ အမွေအနှစ်ဖြစ်စေ၊ အမျိုးသားရေး အမွေအနှစ်ဖြစ်စေ၊ သဘာဝ အမွေအနှစ်ဖြစ်စေ၊ မည်သို့သော အရပ်ဒေသက မည်သို့သော အမွေအနှစ်များဖြစ်စေ၊ အမွေအနှစ်တို့၏ တန်ဖိုးကို သိနားလည်သူတို့က တိုင်းပြည်နယ်နိမိတ်တို့၏ စည်းကိုကျော်ကာ မြင်၏။ ကမ္ဘာ့လူသားအားလုံးနှင့် သက်ဆိုင်သော တန်ဖိုးထားအပ်သည့် အမွေအနှစ်များအဖြစ် သတ်မှတ်ထိန်းသိမ်းကာ မြတ်နိုးကြလေသည်။

လူသားတို့၏ အမွေအနှစ်ကို တန်ဖိုးထားတတ်မှ လူ့သမိုင်းသည် အသက်ရှည် ရှင်သန်မည်ဖြစ်၏။ နိုင်ငံ၏ အမျိုးသားအမွေအနှစ်များ၊ ယဉ်ကျေးမှုအနုပညာ အမွေအနှစ်များ၊ သာသနိကအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များကို တန်ဖိုးထားတတ်မှ နိုင်ငံ၏သမိုင်းနှင့်အတူ နိုင်ငံတော်အသက်ရှည် ရှင်သန်မည်ဖြစ်ပေသည်။

လူ့သမိုင်း၏ တိုးတက်ပြောင်းလဲလာမှုအဆင့်ဆင့်ကို အမွေအနှစ်များက ဖော်ပြ၏။ ယင်းတို့ကို တန်ဖိုးထားခြင်းသည် သမိုင်း တိုးတက်ပြောင်းလဲလာမှုကို တန်ဖိုးထားခြင်းဖြစ်၏။ သမိုင်းကို တန်ဖိုးမထားတတ်လျှင် အနာဂတ်ကို မျှော်လင့်လို့မရနိုင်။

အာဏာကိုသာ တန်ဖိုးထားတတ်သူတို့ မြန်မာနိုင်ငံ၏သမိုင်း တန်ဖိုးအမြင့်ဆုံးထဲက တစ်ခုဟု ဆိုနိုင်သည့် ကျောင်းသားသမဂ္ဂအဆောက်အအုံကို ဗုံးခွဲဖြိုဖျက်လိုက်သော်လည်း၊ သမိုင်းအမွေအနှစ်တို့၏ တန်ဖိုးကို နားလည်သူတို့က မည်သို့မည်ပုံ စနစ်တကျ ထိန်းသိမ်းကြမည်ကို ကြံဆကြရန်လိုပါမည်။ ။

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၅)မှုကိုရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးတင့် တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅) မှု တို့ကို ရုံးထိုင် ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်လုပ်တောင်တောရ သာသနာပြုလုပ်ငန်းများအတွက် အလှူငွေပေးအပ်

နေပြည်တော် ဇူလိုင် ၆

(၁၇) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲ၌ နေပြည်တော်ရှိ ဆုလာဘ်ပိုင်+ ထီမင်းထီးမင်း ထီဆိုင်မှ ငွေကျပ်သိန်း ၂၀၀၀ ကံထူးခဲ့သည့် ကံထူးရှင်မိသားစုက ယနေ့နံနက်တွင် နေပြည်တော်ရှိ လက်လုပ်တောင်သာသနာပြုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ ကို ဗောဓိရိပ်ငြိမ်ဆရာတော်ထံ လှူဒါန်းခဲ့သည်။(ယာပုံ)



နေပြည်တော်တွင် ထင်ရှားသည့် နေရာအများပြားရှိသည့်အနက် လက်လုပ်တောင်တောရသည်လည်း တစ်ခုအပါဝင်ဖြစ်ပြီး သမိုင်းဝင်နေရာတစ်ခုလည်း ဖြစ်သည်။

**စံထိုက်လင်း**

## မန္တလေးမြို့ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး ဦးစီးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ ဒုတိယအကြီးအကဲ မစ္စတာ ဟမ်ဂျောင်ဟာန်း၊ မစ္စ အိုယွန်းနာနှင့် KOICA မြန်မာရုံး၏ ဒုတိယဌာနေ ကိုယ်စားလှယ် မစ္စတာ ကင်ဂျီဟွန်း ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Co-operation Agency-KOICA) တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံတွင် ရေချိုငါးမွေးမြူရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မန္တလေးမြို့ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာန စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ဆွေးနွေးခဲ့သည်။



ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ရေချိုသုတေသနစင်တာတွင် ငါးမွေးမြူရေးလုပ်ငန်းများအတွက် အလွန်အကျိုးရှိသည့် သက်ရှိအစာ မွေးမြူရေးသုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်များ၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၆**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**


(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုး ကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူမတရားတွေ၊ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလို မဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၂၄ / ၂၀၂၀ )**
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
( ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ ၆ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** ကို မှတ်ပုံတင်အမှတ် (၁၂၇)၊ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၇၄/၂၀၂၀) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** သည် ဥပဒေသတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို သတ်မှတ်သည့် ကာလအတွင်း စည်းရုံးမှုမပြုနိုင်သဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂(က)(၇) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေသောကြောင့် ၂-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂၀/၂၀၂၀)တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **၈၈ မျိုးဆက်ညီနောင်ပါတီ (THE 88 GENERATION BROTHERHOOD PARTY)** ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၆ ဒသမ ၃၈ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၉၁ လက်မ၊ မြောက်ဦးမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၀၇ လက်မ၊ ဥက္ကံမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သာယာဝတီမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ပုတာအိုမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၂၇ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ( Universal Declaration of Human Rights, UDHR) အပိုဒ် (၂၁)၊ အပိုဒ်ခွဲ (၃) တွင် အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့်ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်ဟု ဆိုထားပါသည်။ လွတ်လပ်စွာ မဲပေးပိုင်ခွင့်ကို လူသားတို့၏ အခြေခံလူ့အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေးဟုလည်း သတ်မှတ်ထားသည်ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ယင်းတို့၏ စိတ်ဆန္ဒအတိုင်း လွတ်လပ်စွာ မဲပေးပိုင်ခွင့် ရှိရမည်ဖြစ်ပါသည်။

၃။ ဒီမိုကရေစီနိုင်ငံများ၏ အနှစ်သာရတစ်ခုဖြစ်သော ပါတီစုံပါဝင်သည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ ရွေးကောက်ပွဲရလဒ်များသည် ပြည်သူတို့၏ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်ရန် အရေးကြီးပါသည်။ လွတ်လပ်စွာမဲပေးခွင့်ရရှိရေးအတွက် မဲရုံများ၊ အခင်းအကျင်းများသည် လုံခြုံမှုရှိပြီး သန်စွမ်းသူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုအားလုံးအတွက် အဆင်ပြေလွယ်ကူစေမည်ဟု ယုံကြည်ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လာမည့် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကြိုဆိုပါသည်။ ရွေးကောက်ပွဲများသည် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိကာ မဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရရှိစေရေးနှင့် ရွေးကောက်ပွဲရလဒ်များသည် ပြည်သူတို့၏ ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကဲခတ်လေ့လာသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် International IDEA Myanmar မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်သည် International IDEA Myanmar မှ အကြီးအကဲ Mr. Mark McDowell ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International IDEA Myanmar တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ ခုံရုံးသုတေသနဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ Online မှတစ်ဆင့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေးကိစ္စ၊ အီလက်ထရွန်နစ် တရားခွင်စနစ် အဆင့်မြှင့်တင်နိုင်ရေးကိစ္စ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်မောင်မြင့်နှင့် ဦးကျော်ဆန်း၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံအစိုးရကပေးအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံအစိုးရသို့ ဂျပန်နိုင်ငံအစိုးရက ပေးအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီ ဂျပန်ယန်း ၆ ဒသမ ၂၇ ဘီလီယံ ပေးရေးဆိုင်ရာ စာချွန်လွှာကို မြန်မာနိုင်ငံ အစိုးရကိုယ်စား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချိရော မာရုယာမ တို့က ယနေ့တွင် အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(အောက်ပုံ)**


အဆိုပါ အကူအညီပေးမည့် စီမံချက်သည် ပညာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် မဟာဘွဲ့သင်တန်းသို့ ကျောင်းသား ၄၄ ဦးနှင့် ပါရဂူဘွဲ့သင်တန်းသို့ ကျောင်းသား လေးဦး စေလွှတ်နိုင်မည်ဖြစ်သည်။

စီမံချက်ကို မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိအချိန်အထိ ပညာတော်သင် ကျောင်းသား စုစုပေါင်း ၅၄၅ ဦးကို ဂျပန်နိုင်ငံသို့ စေလွှတ်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မျှတစွာရောင်းချနိုင်ရေး ကိစ္စနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မျှတစွာ ရောင်းချနိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတော်တွင် အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ပြည်သူများသို့ စားနပ်ရိက္ခာဖြန့်ဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူထားသည့် အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် မျှတစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး တက်ရောက်လာသော အသင်းအဖွဲ့ဥက္ကဋ္ဌများက အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဝေရန် လျာထားသည့် ဆန်အိတ်အရေအတွက်၊ ရောင်းချမည့် ဆန်ဈေးနှုန်းများနှင့် ဆန်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# AIBD မှ စီစဉ်ကျင်းပသော TOT ဆွေးနွေးပို့ချမှုတွင် MRTV မှ ဝန်ထမ်းများ Online ဖြင့် ပါဝင်တက်ရောက်



**ရန်ကုန် ဇူလိုင် ၆**

အာရှပစိဖိတ်ဒေသ ရုပ်သံထုတ်လွှင့်သူများ အဖွဲ့အစည်း Asia Pacific Institute for Broadcasting Development (AIBD) မှ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် (AIBD) Regional Online Workshop on Training of Trainers (TOT) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ Online ဖြင့် ပါဝင်တက်ရောက်ကြသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲကို ကမ္ဘာတစ်ဝန်း ကြုံတွေ့လျက်ရှိသော COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကာလအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများ ပြောင်းလဲမှုများနှင့်အညီ မီဒီယာကဏ္ဍမှလည်း အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန် မည်သို့စီစဉ်ဆောင်ရွက်နိုင်မည်ဆိုသည့် အချက်ကို ရည်ရွယ်၍ ဇူလိုင် ၆ ရက်မှ ၁၀ ရက်ထိ ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယနေ့ဆွေးနွေးပွဲတွင် လုပ်ငန်းခွင်များအတွင်း သင်တန်းများ မည်သို့ဖွင့်လှစ်နိုင်မည်၊ စနစ်တကျဖွင့်လှစ်နိုင်ရန် မည်သို့ချဉ်းကပ်ဆောင်ရွက်ရမည်၊ အရည်အချင်းရှိသည့် နည်းပြတစ်ဦးအတွက် လိုအပ်ချက်များ စသည်ဖြင့် ဆွေးနွေးပို့ချခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မော်လ်ဒိုက်၊ မော်ရေးရှား စသည့်နိုင်ငံများမှ သင်တန်းသားများနှင့်အတူ မြန်မာနိုင်ငံမှ MRTV နှင့် MITV တို့မှ ဝန်ထမ်း ခြောက်ဦးတို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း၊ ဒုတိယအကြိမ် သင်တန်းကို ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ဆက်လက်ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း AIBD အနေဖြင့် ရုပ်သံထုတ်လွှင့်သူများအတွက် သိသင့်သိထိုက်သော မီဒီယာဆိုင်ရာ ဗဟုသုတများ၊ နည်းပညာများကို မျှဝေပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာကျောင်းများတွင် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သင်ရိုးသစ် ဒသမတန်း(Grade-10) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများသို့ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦး၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှုစနစ်ဖြင့် ကျောင်းတက်ရန် သရုပ်ပြစီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုအားပေး၍ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကျောင်းဆောင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး၊ ကျောင်းအပ်နှံရေးလုပ်ငန်း စီမံချက်များနှင့်အညီကျောင်းအပ်နှံရေးသီတင်းပတ် ဆောင်ရွက်မည့် အစီအစဉ်များ၊ စာသင်ခန်းအတွင်း စာသင်ခုံစီစဉ်ဆောင်ရွက်ထားမှုများ၊ စာသင်ခန်း၊ စာသင်ခုံတို့အရ အနည်းဆုံးရှိသင့်သော ဆရာဦးရေ၊ ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်များရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အခြေခံပညာကျောင်းများ ပြန်လည်မဖွင့်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုများကို တာဝန်ခွဲဝေသတ်မှတ်ချက်၊ စိစစ်ချက်မှတ်တမ်းများဖြင့် စိစစ်၍ စနစ်တကျ စီမံဖြည့်ဆည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ် တားဆီးထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မိဘ၊ ဆရာ၊ ကျောင်းသားများနှင့် ကျောင်းကားများ လိုက်နာရမည့်လမ်းညွှန်ချက်များကို အသိပေးဖြန့်ဝေပြီး ဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘပြည်သူ များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စနစ်တကျတာဝန်ခွဲဝေပြီး အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ရေးအရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အရည်အသွေးရှိသော ပညာသင်ယူခွင့် ရရှိရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှုဆိုင်ရာလမ်းညွှန်ချက်များအရ ကျောင်းတက်ကျောင်းဆင်းရန် သရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး အခြေခံပညာကျောင်းများ ပြန်လည်မဖွင့်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ရေနှင့် ဆပ်ပြာ၊ လက်ဆေးဂျယ်၊ သန့်စင်ခန်း၊ ကျောင်းသားဦးရေအရ ဖြန့်ဝေမည့် ကိုယ်ပူချိန်တိုင်းကိရိယာများ ရောက်ရှိမှု၊ ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြန်လည်အသုံးပြုနိုင်သော အဝတ် Mask၊ Face Shield၊ PPE ၊ အရန်ခန်း၊ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များနှင့် နေရပ်လိပ်စာများ၊ မှတ်တမ်း စသည့်ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လယ်ဝေးမြို့ အထက (၁) တွင် ဆောင်ရွက်နေသည့် သင်ရိုးသစ် ဒသမတန်း (Grade-10) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများသို့ သွားရောက်ကြည့်ရှု၍ အရည်အသွေးရှိသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏ အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်ကာလတွင် စာသင်ချိန်၊ သင်ယူတတ်မြောက်မှုကောင်းမွန်စေမည့်သင်ရိုးညွှန်းတမ်းနှင့် အကဲဖြတ်စစ်ဆေးခြင်း စသည့် လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားသင်ယူမှုအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေမှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်မှုဆိုင်ရာလမ်းညွှန်ချက်များအရ ကျောင်းတက် ကျောင်းဆင်းရန် သရုပ်ပြစီစဉ် ဆောင်ရွက်ထားမှုများ၊ လက်ဆေးဘေစင်၊ စာသင်ခန်း စာသင်ခုံ စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ သင်ရိုးသစ် ဆင့်ပွားသင်တန်းများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

ပညာရေးဝန်ကြီးဌာန

၂၀၂၀-၂၀၂၁ ပညာသင်နှစ်

**" မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့ "**

**အထက်တန်းဆင့် ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ (၁၃)မှ (၁၇)ရက်**

---

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"
## အသိပေးကြေညာချက်

- သင်ရိုးသစ် ဒသမတန်း(Grade-10)တွင် သင်ယူရမည့်ဘာသာတွဲများ-

STEAMS-1

၁။မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)

STEAMS-2

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဘောဂဗေဒ ၇။ ပထဝီဝင် + သမိုင်း ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)

STAMS-1

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ပထဝီဝင် ၅။ သမိုင်း ၆။ ဘောဂဗေဒ ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ)

STAMS-2

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ စိတ်ကြိုက်မြန်မာစာ ၅။ ဘောဂဗေဒ ၆။ ပထဝီဝင် + သမိုင်း ၇။ သိပ္ပံ(ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၈။ စာရိတ္တနှင့်ပြည်သူ့နီတိ ၉။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၀။ ကာယပညာ(သို့မဟုတ်) အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ)

---

## ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်လိုသူများ သိရှိသင့်သည့်အချက်များ

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပသို့ မြန်မာအလုပ်သမားများ တရားဝင် စေလွှတ်လျက်ရှိပါသည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရန်လိုအပ်သည့်အပြင် နီးစပ်ရာလူစုဆောင်းခွင့်မရှိသူ (ပွဲစား) များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများသို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပြီး သိရှိလိုသည့်အချက်များနှင့် ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားနှင့်အလုပ်အကိုင် ရှာဖွေရေးရုံးများတွင်လည်းကောင်း၊ မြို့နယ်များရှိ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီရေးဗဟိုဌာန (MRC) ရုံးများ၌လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပေးထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ယင်းကုမ္ပဏီများမှ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသော နယ်ကိုယ်စားလှယ်များကသာ အလုပ်သမား စုဆောင်းခွင့်ရှိပြီး ယင်းတို့မှအပ အခြားမည်သူမဆို ပြည်ပသို့ အလုပ်သမားစေလွှတ်ရန် လူစုဆောင်းခြင်းနှင့် ပြည်ပအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်ကြောင်း စိစစ်တွေ့ရှိရပါက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# မြေစာရင်းပုံစံ(၁၀၅) ဆိုရာဝယ်

ကိုကိုဦး

**စာရေးသူအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အကြောင်းအရာများကို ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၇၀၀ ကျော် ကာလမှစ၍ မင်းဆက်ပေါင်း ၂၄၆ ဆက်ဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နေလာခဲ့ကြသော မြန်မာခေတ်ဦးမှစ၍ မြန်မာ့မြေယာစီမံခန့်ခွဲမှု နည်းစနစ်များရှိခဲ့ကြပြီးဖြစ်ပါသည်။ အမိမြန်မာနိုင်ငံကို အင်္ဂလိပ်တို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်များတွင် စစ်ပြုပြီးနောက် ကျွန်ပြုသိမ်းပိုက်ခဲ့ကြသော အချိန်ကာလတွင်လည်း မြန်မာဘုရင်များခေတ်ဆီက မြေယာစီမံခန့်ခွဲမှုစနစ်များကို ဆီလျော်အောင် ပြုပြင်ပြောင်းလဲပြီး ဥပဒေများပြဋ္ဌာန်းချက် ပြင်ဆင်ဖြည့်စွက်၍ စီမံအုပ်ချုပ်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ လွတ်လပ်ရေးရရှိပြီးကာလမှ ယနေ့မျက်မှောက်အချိန်အခါအထိလည်း ဥပဒေများပြင်ဆင်ပြဋ္ဌာန်းလျက် မြန်မာ့မြေယာကို မြန်မာတို့ စီမံအုပ်ချုပ်ခဲ့ကြပါသည်။ ထိုသို့ ခေတ်အဆက်ဆက်စီမံခန့်ခွဲကြသည့် မြေယာစီမံခန့်ခွဲမှုများအနက် လက်ရှိ မြန်မာ့မြေယာစီမံခန့်ခွဲမှုစနစ် ဥပဒေ၊ နည်းဥပဒေများကို အများပြည်သူတို့ သိရှိနားလည်သဘောပေါက်ကြပြီး လက်တွေ့ကျင့်သုံးနိုင်ကြစေရန် ရည်ရွယ်လျက် ဤဆောင်းပါးကို ရေးသားတင်ပြအပ်ပါသည်။**

ဥပဒေသည် ယင်းတွင်ပါရှိသော ဥပဒေပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာသော လူသားအားလုံးအတွက် အကာအကွယ်ဖြစ်ပြီး ယင်းပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု မပြုသူများအတွက် ဥပဒေကျူးလွန်ဖောက်ဖျက်သူအဖြစ် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်၏ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများကို လေးစားလိုက်နာသူများအတွက် ဥပဒေသည် အပြည့်အဝ လုံခြုံမှုကိုပေးမည့် အကာအကွယ်တစ်ခုဖြစ်ကြောင်း ဆိုလိုပါသည်။

ယနေ့ခေတ်ကာလ၌ IT ဆိုင်ရာနည်းပညာများကြောင့် မိတ္တူကူးစက်များ၊ Scan ဖတ်စက်များ ထွန်းကားပေါ်ပေါက်လာမှုအတွက် လူ့ဘောင်လောကအတွင်း အမျိုးမျိုးသော လုပ်ငန်းဆောင်ရွက်မှုများအတွက် စက္ကန့်ပိုင်းအတွင်း ပြီးမြောက်အောင် ဆောင်ရွက်လာနိုင်သည့် နည်းတူ တစ်ဖက်တွင်လည်း ဆိုးကျိုးအဖြစ် စာရွက်စာတမ်းအတုအပ ပြုလုပ်ခြင်းဖြင့် လိမ်လည်ခြင်း ဒုစရိုက်မှုလုပ်ငန်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

လောက၏သဘာဝအတိုင်း ကောင်းကျိုးနှင့်ဆိုးကျိုး နှစ်ရပ်အတူ ယှဉ်တွဲပေါ်ပေါက်လေ့ရှိရာ နိုင်ငံသားများအနေဖြင့် ခေတ်မီနည်းပညာများကို အသုံးပြု၍ မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသာ လုပ်ဆောင်ကြရန် လိုအပ်ပေသည်။ လယ်ယာမြေနှင့် ပတ်သက်၍ လယ်ယာမြေ ဥပဒေပြဋ္ဌာန်းချက်ပါ လိုက်နာရမည့်စည်းကမ်းချက်များ လေးစားလိုက်နာရန် လိုအပ်သလို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်၍လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ ထိုသို့ လေးစားလိုက်နာခြင်းမရှိခဲ့ပါက အဆိုပါဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရန်ပျက်ကွက်မှုအတွက် အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

### မြေစာရင်းပုံစံ (၁၀၅) ဆိုရာဝယ်

မြေယာဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အခြေခံကျသော အောက်ပါအကြောင်းအရာတစ်ခုကို တင်ပြလိုပါသည်။ ယင်းကို အမှန်လေ့လာသိရှိသူနည်းပါးပြီး လူအများအနေဖြင့်လည်း သေချာစွာနားလည်သဘောပေါက်မှုမရှိဘဲ လွဲမှားသိမြင်လျက်ရှိသည်ကို တွေ့ရပါသည်။ ယင်းမှာ မြေယာကဏ္ဍတိုင်းအတွက် ပတ်သက်ဆက်စပ်နေသော အကြောင်းအရာတစ်ခုဖြစ်ပြီး ဟင်းချက်ရာတွင် မပါမဖြစ် ပါရှိရမည့် "ဆား" ကဲ့သို့ပင် အရေးပါပါသည်။ အဆိုအချက်မှာ မြေစာရင်းပုံစံ(၁၀၅) နှင့် ဦးပိုင်တစ်ခု၏ မြေရာဇဝင်စိစစ်ချက်မှတ်တမ်း (၁၀၆) တို့ပင်ဖြစ်ပါသည်။ မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) မှာ ဆားကဲ့သို့ပင် မြေယာကို ပိုင်ဆိုင်ပတ်သက်ကြောင်း ပြဆိုသည့် အထောက်အထား စာရွက်စာတမ်းတစ်ခုအတွက် မရှိမဖြစ်၊ မပါမဖြစ်လိုအပ်ပါသည်။ မြေစာရင်းပုံစံ (၁၀၅) သည် မြေယာခရီးလမ်းစတင်ခြင်း၌ တာထွက်ရာ လုပ်ငန်းတစ်ရပ်ဟု ဆိုရပါမည်။ မြေစာရင်းပုံစံ (၁၀၅)တစ်စောင်တည်းဆိုပါက မည်သို့မျှ မိမိ၏ ပိုင်ဆိုင်မှုကို အထောက်အထားပြဆိုနိုင်မည် မဟုတ်ပါ။ သို့သော်လည်း ယနေ့ခေတ်ကာလ၌ အဆိုပါမြေစာရင်းပုံစံ (၁၀၅) တစ်စောင်တည်းကို အထောက်အထားပြု၍ မြေယာပိုင်ဆိုင်ရာ အခွင့်အရေးတစ်ရပ်အဖြစ် ဦးတည်ခံစားခွင့်ပေးထားမှု အချို့ရှိနေကြောင်း ကြားသိရမှုများ ရှိနေပါသည်။ အဆိုပါ မမှန်ကန်သောနည်းလမ်းဖြင့် ပိုင်ဆိုင်မှု ရရှိထားသူများအတွက် မိမိပိုင်ဆိုင်မှု အထောက်အထား အမှန်မဟုတ်သည်ကို သတိချပ်ရန် လိုပါသည်။ မြေယာပြဿနာဟူသည် ချက်ချင်းလက်ငင်း ပေါ်ပေါက်ခဲလှပါသည်။ ဆယ်စုနှစ်အကြာတွင်မှ ပေါ်ပေါက်တတ်ပါသည်။ သို့ဖြစ်၍ ယင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် သတိပြုဆင်ခြင်နိုင်ကြစေရန် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

မြေစာရင်းပုံစံ (၁၀၅) ဆိုသည်မှာ မှန်ကန်ကြောင်း သက်သေခံ/ သက်သေမခံသည့် စာရင်းမြေပုံကောက်နုတ်ချက် ဖော်ပြသည့်ပုံစံဖြစ်ပြီး တည်ဆဲနှစ်တွင် အသုံးပြုလျက်ရှိသည့် ကွင်း/ အကွက်မြေပုံမှ ရေးကူးပေးသည့် ပုံစံဖြစ်ပါသည်။ ရေးဆွဲခြင်း မဟုတ်ပါ၊ ရေးကူးပေးရခြင်းဖြစ်ပါသည်။ မြေယာပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားတစ်ခုမဟုတ်ဘဲ ဦးပိုင်တစ်ခု၊ မြေကွက်တစ်ကွက်နှင့် ပတ်သက်သည့် စာရင်းကောက်နုတ်ချက် မိတ္တူတစ်ခုသာ ဖြစ်ပါသည်။ သူတစ်ခုတည်း ရေရှည်ရပ်တည်မှုမပြုနိုင်ပါ။ ရေးကူးထားသော တည်ဆဲနှစ် ကုန်လွန်သွားပါကလည်း အသုံးချနိုင်ရန် ကန့်သတ်ချက်ဘောင်မှ ဖယ်ခွာသွားသည့် သဘောရှိတတ်ပါသည်။

> **"ပိုင်ရေးပိုင်ခွင့်ရရှိရန်နှင့် ကာယကံရှင်များ လိုအင်ဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လျှောက်လှမ်းရမည့် လုပ်ငန်းစဉ်များတွင် ဦးစွာအစပျိုးလုပ်ဆောင်ရသော လုပ်ငန်းတစ်ခုဖြစ်ပြီး ပုံစံ (၁၀၅၊ ၁၀၆) ရရှိရုံဖြင့် လုပ်ငန်းပြီးစီးခြင်း မဟုတ်ကြောင်း အလေးအနက် ထပ်မံဖော်ပြအပ်ပါသည်။ မြေယာစီမံခန့်ခွဲမှုတိုင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ရန်လိုအပ်ပြီး စနစ်ကျနမှန်ကန်ရန် အစဉ်အမြဲ ဦးစားပေးစဉ်းစားရပါမည်။ စနစ်ကျမှန်ကန်၍ လုပ်ထုံးလုပ်နည်း မှန်ကန်မှသာ နောင်အနာဂတ်အရေးတွင် စိတ်ချမ်းသာမှုရ"**

(၁၀၅) မြေပုံတစ်ချပ်တွင် အချက်ပေါင်း (၁၆) ချက် ဖော်ပြပါရှိပါသည်။ ယင်းတို့မှာ (၁) ပုံစံ အမှတ်စဉ်၊ (၂) သက်သေခံ၊ မခံကြောင်းဖော်ပြချက်၊ (၃)ရေးကူးအမှတ်နှင့်အမည်၊ (၄) ရေးကူးသည့်ဦးပိုင်အမှတ်၊ မြေကွက်အမှတ်၊ (၅) အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်၊ ဂရန်ရှင်၊ အငှားဂရန်ရှင်အမည်၊ (၆) ပိုင်ဆိုင်ခွင့်၊ (၇)မြေမျိုးနှင့်အတန်း၊ (၈) ဧရိယာ၊ (၉) ရေးကူးပေးသည့် အကြောင်းအရာ၊ (၁၀) လျှောက်ထားသူအမည်၊ (၁၁) လျှောက်လွှာတင်သည့်နေ့စွဲ၊ (၁၂) လျှောက်ထားသူတို့ထုတ်ပေးသည့်နေ့စွဲ၊ (၁၃) ပြဆိုသော မြေပုံသည် မှန်ကန်သေချာစွာ ရေးကူးထားသော( - ) ခုနှစ်အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံဖော်ပြချက်၊ (၁၄) အမှုတွဲထိန်း၊ မြေတိုင်းစာရေးလက်မှတ်၊ (၁၅) တိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးသော လက်ထောက်ဦးစီးမှူးလက်မှတ်၊ နေ့စွဲ၊ (၁၆) စိစစ်အတည်ပြုသော မြို့နယ်ဦးစီးဌာနမှူး လက်မှတ်၊ နေ့စွဲ စသည်တို့ဖြစ်ပါသည်။

အထက်ပါရှင်းလင်းချက်အရ မြေစာရင်းပုံစံ(၁၀၅) တွင် သက်ဆိုင်ရာ မြို့နယ်အဆင့် လက်ထောက်ဦးစီးမှူးမှ လက်မှတ်ရေးထိုးပြီး မြို့နယ်မှူး ဦးစီးအရာရှိ၏ စိစစ်ချက်ဖြင့် ပြီးမြောက်ပြည့်စုံနေပြီဖြစ်သော်လည်း တစ်ချိန်က ဒေသအာဏာပိုင်အဆင့်မှ ရေးကူးမှုကို လက်နက်သဖွယ် ထိန်းချုပ်သည့်ဖြစ်စဉ်များ ရှိခဲ့သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုလားအပ်သော ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရပြီး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထစ်အငေါ့များစွာ ရှိခဲ့ကြောင်းနှင့် ပြည်သူလူထုများအတွက် ဥပဒေနှင့်အညီ ရရှိခံစားရမည့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည့် သာဓကများ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုတွင် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဌာနလုပ်ထုံးလုပ်နည်းနှင့်အညီ ရေးကူးဆောင်ရွက်ခွင့်ကို ပြန်လည်ပေးအပ်ထားနိုင်ခဲ့ပြီဖြစ်ရာ သာမန်အားဖြင့် ပြဿနာတစ်စုံတစ်ရာမရှိသော ကိစ္စရပ်အတွက် နှစ်ပတ်အတွင်း ရယူနိုင်ကြပြီဖြစ်ပါသည်။

### အရှိပကတိအတိုင်း ရေးကူးခြင်းသာ

အချို့သောကိစ္စရပ်များ၌ အချို့သောဌာနများသည် မြေစာရင်းပုံစံ (၁၀၅) ရေးကူးရန် လျှောက်ထားမှုကို ကန့်ကွက်လွှာခေါ်ခြင်း၊ ကန့်ကွက်မှုပြုကြခြင်းများ ဆောင်ရွက်ကြကြောင်းတွေ့ရှိနေရာ အဆိုပါကိစ္စမှာ မြန်မာနိုင်ငံမြေစာရင်းလက်စွဲ ဥပဒေအရ အကျုံးမဝင်ကြောင်း တွေ့ရှိနေရပါသည်။ မြေစာရင်းပုံစံ (၁၀၅) ဆိုသည်မှာ အထက်တွင် ဖော်ပြထားသည့်အတိုင်း တည်ဆဲနှစ်အတွင်း အသုံးပြုလျက်ရှိသော စာရင်းမြေပုံမှ အရှိပကတိအတိုင်း ရေးကူးထုတ်ပေးခြင်းသာဖြစ်၍ လျှောက်ထားသူအနေဖြင့် သတ်မှတ်ချက်ဘောင်ဖြင့် ညီညွတ်ကိုက်ညီသူဖြစ်ပါက ဌာနမှ ရေးကူးပေးရုံသာဖြစ်ပါသည်။ အကျိုးနစ်နာနိုင်သူများအတွက် ရေးကူးသည့် အကြောင်းအရာပါ လုပ်ငန်းစဉ်ဆက်လက်ဆောင်ရွက်ချိန် (ဥပမာ- မြေငှားဂရန်လျှောက်ချိန် အဆောက်အအုံပြင်ဆင်ရန် သက်ဆိုင်ရာသို့လျှောက်ထားချိန်) တွင်မှ တရားဝင်ကန့်ကွက်ရမည် ဖြစ်ကြောင်း၊ (၁၀၅)ရေးကူးချိန် ကန့်ကွက်မှုကြောင့် ရေးကူးမပေးပါက ဥပဒေအရဌာန၏ တာဝန်ပျက်ကွက်မှု တစ်ခုဖြစ်စေမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပုံစံ (၁၀၅) တစ်ပုံရရှိပြီးဆိုလျှင် မြေပုံလက်ခံရရှိသူသည် အထက်မှအချက်များကို တစ်ခုမကျန် သေချာစွာစိစစ်ရန် လိုအပ်ပါသည်။ သက်သေခံသောမြေပုံလား၊ သက်သေမခံသော မြေပုံအမျိုးအစားလားမှအစ ပုံစံ (၁၀၅) ပါ ဖော်ပြထားချက်များ မှန်/ မမှန် စိစစ်ရန်လိုအပ်ပါမည်။ ရေးကူးပေးသည့် အကြောင်းအရာသည်လည်း အရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်ပါသည်။ ပုံစံ၌ ဖော်ပြထားသော ရေးကူးပေးသည့် အကြောင်းအရာတစ်ခုတည်းအတွက်သာ အသုံးပြုရမည်ဖြစ်ပါ၍ ဂရန်လျှောက်ထားလိုသူသည် အခြားအကြောင်းအရာ ဥပမာအားဖြင့် လက်ဝယ်ကိုင်ဆောင်ရန် သို့မဟုတ် စာချုပ်ချုပ်ဆိုရန် အကြောင်းအရာအတွက် ရေးထားမှုဖြစ်နေပါက ရည်ရွယ်သောလုပ်ငန်း ဆက်လက်လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ ပုံစံ (၁၀၅) တစ်ချပ် မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ရရှိရန်အချက်သည် ရေးကူးပေးသောဌာနနှင့် ရယူလိုသောကာယကံရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာဖြစ်မြောက် နိုင်ပါသည်။ ပုံစံ(၁၀၅)နှင့်အတူ နောက်ဆက်တွဲပါ ရှိလာမှုမှာ အဆိုပါဦးပိုင်၏ မြေရာဇဝင်(၁၀၆) ဖြစ်ပါသည်။ ထို့အတွက် မြေစာရင်းပုံစံ (၁၀၃) လျှောက်ထားလွှာအား ကာယကံရှင်မှ သေချာစွာဖတ်ရှုပြီး တိကျစွာဖြည့်သွင်းရန် အထူးလိုအပ်လှပါသည်။

### လုပ်ငန်းတစ်ခုလုံး၏ အစပျိုးသာဖြစ်

မြေစာရင်းပုံစံ (၁၀၅) သည် လုပ်ငန်းစဉ်တစ်ခုလုံးအတွက် အစပျိုးလုပ်ငန်းသာဖြစ်သည့်အတွက် ပုံစံ (၁၀၅) ရရှိပြီးသည်နှင့် လုပ်ငန်းပြီးစီးသွားပြီဟု အများပြည်သူ၏ နားလည်ယုံကြည်လက်ခံထားမှုအစွဲသည် မှားယွင်းနေပါကြောင်း တင်ပြအပ်ပါသည်။ ပုံစံ (၁၀၅) ရရှိရုံနှင့် လုပ်ငန်းမပြီးဆုံးသေးပါကြောင်း မှတ်ယူထားစေချင်ပါသည်။ ပိုင်ရေးပိုင်ခွင့်ရရှိရန်သည် ပုံစံ (၁၀၅) တစ်ခုတည်းဖြင့် လုံးဝလုံးဝ မလုံလောက်ပါ။ ပိုင်ရေးပိုင်ခွင့်အတွက် ခွင့်ပြုနိုင်သူ အာဏာပိုင်ထံမှ ခွင့်ပြုအမိန့်စာ ရရှိပြီးမှသာ လုပ်ငန်းပြီးဆုံးပါမည်။ ပုံစံ (၁၀၅) သည် စာရင်းမြေပုံကောက်နုတ်ချက် တစ်ခုသာဖြစ်ပြီး ပိုင်ဆိုင်မှုတစ်ခုအတွက် အထောက်အထားတစ်ရပ် မဟုတ်ပါ။

ဤနေရာ၌ တင်ပြလိုသည်မှာ ကာယကံရှင်များအနေဖြင့် လယ်ယာမြေဖြစ်စေ၊ မြို့မြေဖြစ်စေ မည်သို့သောမြေဖြစ်စေ၊ မြေယာတစ်ရပ်ကို သက်ဆိုင်ရာ ချထားပေးပိုင်ခွင့်ရှိသူထံမှ ဥပဒေနှင့်အညီ ရရှိခဲ့ပါက မဖြစ်မနေ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်း (၃) ရပ် ရှိပါသည်။ ၎င်းတို့မှာ-

(က) မြေကိုလက်ရောက်ရယူခြင်း- ဆိုသည်မှာ မြေပေးစလစ် သို့မဟုတ် မြေယာလုပ်ပိုင်ခွင့် စသည့် လက်မှတ်တစ်ခုရရှိပြီဆိုပါက အဆိုပါမြေအတွင်း ချဉ်းနင်းဝင်ရောက်၍ ဥပမာအားဖြင့် ခြံစည်းရိုးကာရံရန်စီမံခြင်း၊ မြေရှင်းလင်းခြင်း စသည့် မိမိပိုင်ဆိုင် လုပ်ကိုင်ခွင့်ဆိုင်ရာနှင့်ပတ်သက်သော လုပ်ငန်းများကို မပျက်မကွက် ဆောင်ရွက်ရန်လိုအပ်ပါသည်။ မိမိရရှိထားသည့် မြေပေးစလစ် သို့မဟုတ် မြေယာလုပ်ပိုင်ခွင့် စသည့်လက်မှတ်တစ်ခုကို သိမ်းဆည်းထားပြီး ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ခြင်းမပြုပါက နောင်တစ်ချိန်တွင် ရှင်းလင်းရခက်သော ပြဿနာများ ပေါ်ပေါက်နိုင်ပါသည်။

(ခ) မြေကိုအသုံးပြုခြင်း- မိမိရရှိခဲ့သည့် မြေအပေါ်တွင် သတ်မှတ်သည့် နည်းလမ်းအတိုင်း စနစ်တကျ အသုံးချရန်လိုပါမည်။ ဥပမာအားဖြင့် စိုက်ပျိုးမြေဖြစ်ပါက သတ်မှတ်သည့် သီးနှံအမျိုးအစားများ စိုက်ပျိုးခြင်း၊ မြို့မြေဖြစ်ပါက ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရပါမည်။

(ဂ) မြေအမည်ပေါက် ပိုင်ဆိုင်ခွင့်ရယူခြင်း- မြေယာတစ်ရပ်ကို သက်ဆိုင်ရာ ချထားပေးပိုင်ခွင့်ရှိသူထံမှ ထုတ်ပေးသော လက်မှတ်သည် မြေပိုင်ဆိုင် ခွင့်လက်မှတ်မဟုတ်သေးပါ။ အဆိုပါမြေအား သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုရန်ခွင့်ပြုသော အထောက်အထား (သို့မဟုတ်) အမိန့်စာ တစ်ခုသာဖြစ်ပါသည်။ အဆိုပါ အမိန့်စာပေါ်အခြေခံ၍ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခြင်းကို ဦးစွာဆောင်ရွက်ပြီး မိမိအမည်ပေါက် မြေပိုင်ရှင်ဆိုင်ရာ အခွင့်အရေးရရှိနိုင်ရန် ဥပဒေနှင့်အညီ မပျက်မကွက်ဆောင်ရွက် ထားရှိရန် အထူးလိုအပ်ပါသည်။

### အမည်ပေါက် ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်

ကာယကံရှင်များအနေဖြင့် အထက်ဖော်ပြပါအတိုင်း မြေစာရင်းပုံစံ(၁၀၅) ရရှိပြီးပါက မြေပိုင်ရှင်ဆိုင်ရာ အခွင့်အရေး၊ တစ်နည်းအားဖြင့် မြေအားမိမိအမည်ပေါက် ရရှိရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် သက်ဆိုင်ရာဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီတင်ပြ၍ ဂရန်လျှောက်ထားခြင်း စသည်အားဖြင့် ဆောင်ရွက်ရပါမည်။ သို့မှသာ နောင်တစ်ချိန် မိမိသားစဉ်မြေးဆက်တိုင် အမွေကြောင်းအရ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း စသည်များကဲ့သို့ လိုအပ်သလို လွှဲပြောင်းမှုများအား တည်ဆဲဥပဒေနှင့်အညီ နောင်ရေးစိတ်အေးချမ်းစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ပိုင်ရေးပိုင်ခွင့်ရရှိရန်နှင့် ကာယကံရှင်များ လိုအင်ဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လျှောက်လှမ်းရမည့် လုပ်ငန်းစဉ်များတွင် ဦးစွာအစပျိုးလုပ်ဆောင်ရသော လုပ်ငန်းတစ်ခုဖြစ်ပြီး ပုံစံ (၁၀၅၊ ၁၀၆) ရရှိရုံဖြင့် လုပ်ငန်းပြီးစီးခြင်း မဟုတ်ကြောင်း အလေးအနက် ထပ်မံဖော်ပြအပ်ပါသည်။ မြေယာစီမံခန့်ခွဲမှုတိုင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ရန်လိုအပ်ပြီး စနစ်ကျနမှန်ကန်ရန် အစဉ်အမြဲ ဦးစားပေးစဉ်းစားရပါမည်။ စနစ်ကျမှန်ကန်၍ လုပ်ထုံးလုပ်နည်း မှန်ကန်မှသာ နောင်အနာဂတ်အရေးတွင် စိတ်ချမ်းသာမှုရပါမည်။ မျက်မှောက်ကာလတွင်လည်း ငြိမ်းချမ်းမှုရရှိပါမည်။ သို့ဖြစ်၍ မြန်မာ့မြေယာစီမံခန့်ခွဲမှုစနစ်များအကြောင်းနှင့် စပ်လျဉ်း၍ မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆) အကြောင်းကို သိမီသမျှ ရေးသားတင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ကမ်းထိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့်အတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ရှေးဦးစွာ ညောင်တုန်းမြို့(၂၂)လမ်းထိပ် သွန်းဘုရားကြီးပိုင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ယာယီရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းမြို့ ကမ်းထိန်းလုပ်ငန်း ဘိုးပိုင်အခြေပြုကျောက်ပြားကပ်တမံ အလျားပေ ၆၅၀ လုပ်ငန်းတစ်ရပ်လုံး တင်ဒါအောင်မြင်ခဲ့သည့် အာရုံဦးဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် မတ် ၃ ရက်မှ စတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၄ ရက်အထိ ၉၃ ရာခိုင်နှုန်း ပြီးစီးမှု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ထူပါရုံဘုရား ကမ်းထိန်းလုပ်ငန်း ဇူလိုင် ၃၀ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဌေး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီးအစိုးရ မူလခွင့်ပြုရန်ပုံငွေဖြင့် ပုသိမ်မြို့ ကမ်းနားလမ်းတိုးချဲ့ခြင်း အလျားပေ ၃၉၀ လုပ်ငန်းအားဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် အလျားပေ ၉၀ ထပ်မံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်း၊ မြို့ပတ်တာ (၂၂) လမ်းထိပ်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်က ဖြစ်ပေါ်ခဲ့သော တာရိုးမြေသားနိမ့်ကျမှု ဖြစ်ပေါ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ယခုဆောင်ရွက်နေသည့်လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ စနစ်တကျ ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ရေး၊ တိုင်းဒေသကြီးအတွင်း လုပ်ငန်းများအား မြစ်ရေမတက်မီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအား တပ်မတော်မှ အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအား တပ်မတော်မှ အရေးယူထားကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာအနီး ကျောက်မျက်လုပ်ကွက်၌ မြေသားပြိုကျမှုကြောင့် ကျောက်ရှာဖွေသူ ၁၇၂ ဦး သေဆုံး၊ ၅၄ ဦး ဒဏ်ရာရရှိပြီး ပျောက်ဆုံးနေသူများကိုလည်း ဆက်လက် ရှာဖွေလျက်ရှိကြောင်း။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ဇူလိုင် ၃ ရက်ကပင် လုံခြုံရေးဆိုင်ရာ အဓိကတာဝန်ရှိသည့် တပ်မှူးတစ်ဦးအား လည်းကောင်း၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးအား လည်းကောင်း မူလစစ်ဘက်တာဝန်များအား ပြန်လည်ထမ်းဆောင်စေကာ လိုအပ်သည့် အရေးယူဆောင်ရွက်နိုင်ရေး တပ်မတော်မှ ဆောင်ရွက်လျက်ရှိပြီး လစ်လပ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနေရာအတွက် အစားထိုးခန့်အပ်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တောဒေသ၌ AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာ ဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၆**

၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တောဒေသ၌ AA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ချွတ်ပြင်ကျေးရွာနှင့် မောင်နုကျေးရွာဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက် ပြုလုပ်သွားမည်ဟု ဇွန် ၂၉ ရက်တွင် သတင်းထုတ်ပြန်ပြီး ဖြစ်ကြောင်း။

၎င်း ချွတ်ပြင်ကျေးရွာဖြစ်စဉ်နှင့် မောင်နုကျေးရွာဖြစ်စဉ်များနှင့် ပတ်သက်သည့် ဖြစ်စဉ်၊ ဖြစ်ရပ်အမှန်ပေါ်ပေါက်စေရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ဗိုလ်ချုပ်မြတ်ကျော် ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး ဗိုလ်မှူးကြီး သန်းလှိုင်နှင့် ဗိုလ်မှူးကြီး သန်းနိုင်တို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော အထူးစုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ကို ဇူလိုင် ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်းနှင့် လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်ဟု တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



## နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း ဖွင့်လှစ်သင်ကြားပေး

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း (တိုင်းဒေသကြီး/ပြည်နယ်-၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဒက္ခိဏခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွဋ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သင်တန်းတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွဋ်တို့က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၆ ရက်မှ ဩဂုတ် ၂ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေနံချောင်းမြို့နယ်၌ တိရစ္ဆာန်ဦးခေါင်းပုံသဏ္ဌာန်ဟုယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတွေ့ရှိ၍ တူးဖော်နိုင်ရေးဆောင်ရွက်လျက်ရှိ

**ရေနံချောင်း ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် တွင်းကုန်းရပ်ကွက် အနောက်မြောက်ဘက်ရှိ ရေနံမြေလုံခြုံရေးဂိတ် ၃၀၄၅ အနီးတွင် ဆိတ်ကျောင်းသားတစ်ဦး ဆိတ်ကျောင်းသွားစဉ် တိရစ္ဆာန်ဦးခေါင်းပုံသဏ္ဌာန်ဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု (ယာပုံ) တွေ့ရှိကြောင်း ဇူလိုင် ၆ ရက်က တွင်းကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံက သိရသည်။



အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းကို တွင်းကုန်းရပ်ကွက်နေ ကိုမောင်မောင်ဟန်က ဆိတ်ကျောင်းသွားစဉ် လွန်ခဲ့သည့်တစ်လခွဲခန့်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၅ ရက် ညနေပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်ခိုင်နှင့် ရေနံချောင်းချစ်သူများအဖွဲ့က သွားရောက်ကြည့်ရှုခဲ့ရာ တိရစ္ဆာန်ဦးခေါင်းပုံသဏ္ဌာန် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု ဖြစ်ကြောင်း ယူဆရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများထံသို့ အကြောင်းကြားခဲ့သည်။

ယင်း ကျောက်ဖြစ်ရုပ်ကြွင်းအား ယနေ့မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ရေနံချောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောနှင့် တာဝန်ရှိသူများ၊ ရေနံချောင်းဒီဂရီကောလိပ်ဘူမိဗေဒဌာနမှ ဆရာ ဆရာမများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း၏ အပိုင်းအစများကို မကွေးဘူမိဗေဒဌာနသို့ ပေးပို့စစ်ဆေးအတည်ပြုပြီး တူးဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၆ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ လမ်းသွယ်(၇)၌ နန်းကွေ့ကျေးရွာနေ သက်ထွန်း (၄၀)နှစ်၊ (ဘ) ဦးတင်ဝင်း စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ)၈၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ လမ်းသွယ် (၉)၌ ဆင်ဘိုမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ သန်းတိုးအောင်(၂၄)နှစ်၊ (ဘ)ဦးတင်ဌေးနှင့် မြစ်ကြီးနားမြို့၊ အင်ဂျန်ဒုံရပ်ကွက်နေ ဇော်ဇော်(၂၃)နှစ်၊ (ဘ)ဦးကျော်ဇောတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မ(ပ) ၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ရွာသစ်ရပ်ကွက်နေ လှရွှေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၂၀ ရက်နေ့တွင် မိုးကောင်းမြို့၊ ရွာသစ်ရပ်ကွက်နေ လှရွှေ(၅၇)နှစ်၊ (ဘ)ဦးအုန်းမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးကောင်း) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွှေထီးကုန်းကျေးရွာနေ မတင်အေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွှေထီးကုန်းကျေးရွာနေ မတင်အေး(၄၃)နှစ်၊ (ဘ)ဦးပွဲမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်ဝင်း(၅၁)နှစ်၊ (ဘ) ဦးစံချယ်တို့ (၂)ဦးအား ဘိန်းမဲများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၁၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ စပ်စားကျေးရွာနေ အောင်ဝင်းစိန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၇-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ စပ်စားကျေးရွာနေ အောင်ဝင်းစိန်(၃၃)နှစ်၊ (ဘ)ဦးဖိုးစော၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၈၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ် (၁)ရပ်ကွက်နေ ကျော်ဇေယျာလင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် ရေစကြိုမြို့နယ်၊ မြေဖြူကျင်းကျေးရွာအနီး ရေစကြို-ညောင်ပင်ကြီးသွားကားလမ်း၊ မိုင်တိုင်အမှတ်(၃၀/၀)၌ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ အမှတ်(၁)ရပ်ကွက်နေ ကျော်ဇေယျာလင်း(၂၀)နှစ်၊ (ဘ) ဦးထွန်းလင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ မျိုးကြီး(၂၃)နှစ်၊ (ဘ) ဦးသိန်းတန် တို့ (၂)ဦးထံမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရေစကြို) မယ(ပ)၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ လက်ပံခါးလှကျေးရွာနေ သိန်းဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ လက်ပံခါးလှကျေးရွာနေ သိန်းဇော်(၃၂)နှစ်၊ (ဘ)ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း) မယ(ပ) ၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၅)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ မြို့မ(၄) ရပ်ကွက်နေ ကျော်ရဲလင်း (၂၅)နှစ်၊ (ဘ)ဦးစိုးလှိုင်နှင့် တစ်ရပ်ကွက်တည်းနေ အောင်ခန့်ပိုင်(၁၈)နှစ်၊ (ဘ) ဦးမင်းမင်းသော်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ) ၃၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆) ရပ်ကွက်နေ ရဲထွဋ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၆-၂၀၂၀ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘူတာရုံလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ရဲထွဋ်(၃၄)နှစ်၊ (ဘ) ဦးစိန်သိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်)မယ(ပ) ၁၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂-၇-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ စိုးလင်းထွန်း(၄၃)နှစ်၊ (ဘ)ဦးလှထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၁၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ နန်းသီတာကျေးရွာနေ ကြည်ညာဏ်ဝင်း(ခ) ဂူးဂူးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ နန်းသီတာကျေးရွာနေ ကြည်ညာဏ်ဝင်း(ခ)ဂူးဂူး(၃၁)နှစ်၊ (ဘ) ဦးကြည်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ညောင်ရွှေ) မယ (ပ)၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဥက္ကာနှင့် ဇင်မာဦးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်နေ ဥက္ကာ(ခ)အေးဖြိုးအောင်(၂၄)နှစ်၊ (ဘ) ဦးငြိမ်းဌေးနှင့် ဇနီး မဇင်မာဦး(၂၅)နှစ်၊ (ဘ)ဦးစန်းဦးတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ရပ်ကွက်(၃)နေ ဇော်မျိုးထက်(ခ)လုံးလုံး(၂၀)နှစ်၊ (ဘ) ဦးမျိုးမြင့်အောင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အောင်ပန်း) မယ(ပ) ၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ မအေးအေးသင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် အောင်ပန်းမြို့၊ အမှတ်(၃) ရပ်ကွက်နေ မအေးအေးသင်း(၃၆)နှစ်၊ (ဘ)ဦးမြင့်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မောင်မြစိန်(ခ)ကုလား(၂၁)နှစ်၊ (ဘ) ဦးသန်းဌေးတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အောင်ပန်း)မယ(ပ) ၁၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေ ဇေယျာကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၆-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ ကျောင်းကြီးစု ရပ်ကွက်နေ ဇေယျာကျော်(၂၂)နှစ်၊ (ဘ)ဦးချစ်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ တင်ကိုထွေး(၂၄)နှစ်၊ (ဘ)ဦးအောင်ဝင်း၊ ကံကြီးရပ်ကွက်နေ ထွန်းဝင်း(၂၅)နှစ်၊ (ဘ)ဦးအေးတို့(၃)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ(တောင်ကြီး)မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ဖက်နန်ကျေးရွာနေ မကြာနုသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ဖက်နန်ကျေးရွာနေ မကြာနု(၃၄)နှစ်၊ (ဘ)ဦးသန်းထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ) ၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်နေ ဇော်မင်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၆-၂၀၂၀ ရက်နေ့တွင် ကလောမြို့၊ ရွှေတောင်ကြားရပ်ကွက်နေ ဇော်မင်းအောင်(ခ)ဇင်မင်းအောင်(၃၃)နှစ်၊ (ဘ) ဦးကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလော) မယ(ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄၄)ဦး၊ မ(၃)ဦး၊ ပေါင်း(၄၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁-၇-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အောင်သာယာလမ်းပေါ်၌ ၎င်းရပ်ကွက်နေ ဇော်ဇော်မျိုး (ခ) ထွေးငယ်(၂၃)နှစ်၊ (ဘ)ဦးမျိုးညွန့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ အဆိုပါလမ်းပေါ်၌ |

စာမျက်နှာ ၉ သို့

# အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတွေမှာ ကျရောက်နေတဲ့ ကန္တာရကျိုင်းကောင် မြန်မာနိုင်ငံမှာ လုံးဝမရှိသေးပါဘူး။ လက်ရှိဒေသအချို့မှာ တွေ့နေရတဲ့နှံကောင်တွေဟာ ပြည်တွင်းမှာ ရှိပြီးဖြစ်တဲ့ ကော်ဖီနှံကောင်အမျိုးအစားဖြစ်ပါတယ်

ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန)

**လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ သီးနှံဖျက်အားပြင်း ကန္တာရကျိုင်းကောင်များ ဝင်ရောက်မှုမရှိသေးကြောင်းနှင့် ဝင်ရောက်လာနိုင်သည့် အခြေအနေလည်း များစွာနည်းပါးကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၏ ပြောကြားချက်အရ သိရသည်။**



ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာရဲတင့်ထွန်း


"အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတွေမှာ ကျရောက်နေတဲ့ ကန္တာရကျိုင်းကောင် မြန်မာနိုင်ငံမှာ လုံးဝမရှိသေးပါဘူး။ နောက်ဆုံးသတင်းတွေအရ အိန္ဒိယနိုင်ငံ အနောက်ဘက်ခြမ်းမှာ ကျရောက်နေတဲ့အတွက် မြန်မာနိုင်ငံကို ရောက်ရှိဖို့ဆိုတာ ကီလိုမီတာ ထောင်ချီခရီးလာရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို သဘာဝကပေးထားတဲ့ ရိုးမတောင်တန်းတွေက ကာရံထားတယ်။ ကန္တာရကျိုင်းကောင်တွေဟာ ပျံသန်းနိုင်သော်လည်း တောင်တန်းတွေကို ကျော်လွှားနိုင်ဖို့က အင်မတန်ဖြစ်နိုင်ခြေနည်းတယ်လို့ ပိုးမွှားရောဂါပညာရှင်တွေက သုံးသပ်ထားတဲ့ အနေအထားရှိပါတယ်။

"ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ FAO အဖွဲ့တွေနဲ့ အခြားအဖွဲ့တွေကလည်း မြန်မာနိုင်ငံကို ကန္တာရကျိုင်းကောင် ဝင်ရောက်နိုင်မှု အခြေအနေမရှိနိုင်ဘူးလို့ လက်ရှိအနေအထားမှာ သုံးသပ်ထားပါတယ်။ ဒီကျိုင်းကောင်တွေဟာ စိုစွတ်တဲ့ နေရာတွေမှာ မျိုးမပွားနိုင်ပါဘူး။ ကန္တာရဆန်တဲ့ ဒေသတွေ၊ ခြောက်သွေ့တဲ့ဒေသတွေ၊ ရေမရှိတဲ့ ဒေသတွေမှာပဲ မြေကြီးထဲမှာ ဥနိုင်တဲ့ အခြေအနေရှိတယ်။ မြန်မာနိုင်ငံလို စွတ်စိုတဲ့ ဒေသမှာ ရောက်လာခဲ့ရင်တောင် မျိုးပွားနိုင်တဲ့ အနေအထား နည်းပါတယ်။ ဒါကြောင့် ဝင်ရောက်ဖို့ မဖြစ်နိုင်ဘူးလို့ အခုအချိန်မှာ သုံးသပ်ထားပါတယ်" ဟု ဒေါက်တာရဲတင့်ထွန်းကပြောသည်။

## ဖျက်ဆီးမှုနှုန်း များစွာနည်းပါး

လက်ရှိမြန်မာနိုင်ငံဒေသအချို့၌ တွေ့ရှိနေရသည့် နှံကောင်များမှာ ပြည်တွင်း၌ရှိနေပြီးဖြစ်သည့် ကော်ဖီနှံကောင်အမျိုးအစားများဖြစ်ပြီး သီးနှံများကို ဖျက်ဆီးမှုနှုန်းများစွာနည်းပါးကြောင်း စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။

" ကော်ဖီနှံကောင်အမျိုးအစားတွေကို ကောလင်း၊ ဝန်းသို ဒေသတွေ၊ သံတွဲ၊ ရေကြည်၊ ငသိုင်းချောင်း နေရာတွေမှာ တွေ့ရတယ်။ လွန်ခဲ့တဲ့ ၂ ရက်လောက်က မကွေးမြို့နယ် ကျူချောင်းကျေးရွာမှာ တွေ့ရတယ်။ ဒီနေ့သတင်းအရဆိုရင် ဗန်းမော်၊ မိတ္ထီလာဘက်တွေမှာလည်း တွေ့ရတယ်။ ငွေဆောင်မြို့က အုန်းပင်တွေမှာ လည်း ဒီလိုနှံကောင်တွေ အကောင်၁၅၀၊ ၂၀၀ လောက် စုဖွဲ့ပြီး တွေ့ရတယ် ဆိုတဲ့သတင်းရတယ်။ အဲဒီတွေ့ရတဲ့ နှံကောင်အုပ်စုက မြန်မာပြည်တွင်းမှာ ရှိနေပြီးသား ကော်ဖီနှံကောင် အမျိုးအစားဖြစ်ပါတယ်။ အဲဒီနှံကောင်တွေက ကျွန်းပင်၊ အုန်းပင်တွေမှာ ကျရောက်တတ် ပါတယ်။ သီးနှံတွေကို ဖျက်ဆီးမှုနှုန်း အင်မတန်နည်းပါတယ်။ အများဆုံးတွေ့ရတာက သစ်တောနဲ့ စိုက်ခင်းဆက်စပ်နေတဲ့ နေရာလေးတွေမှာ တွေ့ရှိရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။




ကန္တာရ ကျိုင်းကောင် (နှံကောင်) (Schistocerca gregaria)

## ကန္တာရလွင်ပြင်များသို့ ရောက်ရှိလာ

ကန္တာရကျိုင်းကောင်များသည် အာဖရိကတိုက် အလယ်ပိုင်း၌ ပေါက်ဖွားကြပြီး ထိုမှတစ်ဆင့် ပါကစ္စတန်၊ အိန္ဒိယနိုင်ငံတို့ရှိ ကန္တာရလွင်ပြင်များသို့ ရောက်ရှိလာကာ လေကြောင်းလမ်းအတိုင်း နီးစပ်ရာနိုင်ငံများရှိ သီးနှံများကို ဝင်ရောက်ဖျက်ဆီးကြကြောင်း သိရသည်။

" ကန္တာရ ကျိုင်းကောင်တွေကတော့ အုပ်စုလိုက်ဖွဲ့ပြီး ဖျက်ဆီးတတ်တယ်။ ခုဖြစ်ခဲ့တဲ့ ပါကစ္စတန်နဲ့ အိန္ဒိယနိုင်ငံတွေမှာ စိမ်းစိမ်းမြင်သမျှ အကုန်စားတယ်ဆိုတဲ့ ပုံစံတွေ့ရတယ်။ ဒီလိုအတွေ့အကြုံမျိုး ၁၉၈၂ ခုနှစ်ကလည်း တွေ့ခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ အခြားနိုင်ငံတွေမှာ ကန္တာရကျိုင်းကောင်ဆိုပြီး အကြီးအကျယ်ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီအချိန်ကလည်း ဒီလို အသိပေးကြေညာချက်တွေ ထုတ်ပြန်ဖူးပါတယ်။ သို့သော် အသိပေးထုတ်ပြန်တာတွေ၊ စောင့်ကြည့်တာတွေ ရှိပေမယ့် မြန်မာနိုင်ငံကိုတော့ ဝင်ရောက်လာခဲ့ခြင်းမရှိပါဘူး။ အိန္ဒိယနိုင်ငံမှာ ကျရောက်နေတယ် ဆိုတော့ အိန္ဒိယနယ်စပ်ဧရိယာတွေကို ဝင်ရောက်လာနိုင်တဲ့ အခြေအနေက အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ နှိုင်းယှဉ်ရင် အများကြီး ရှိပါတယ်။ ဒါကြောင့် စောင့်ကြည့်ရမယ့်ဒေသတွေအနေနဲ့ သတ်မှတ်ထားပါတယ်" ဟု ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၌ ကန္တာရကျိုင်းကောင် ဖြတ်သန်းဝင်ရောက်နိုင်သည့် စောင့်ကြည့်ဒေသများအဖြစ် ရခိုင်ပြည်နယ်တွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေနှင့် ကျောက်ဖြူ၊ ချင်းပြည်နယ်တွင် တွန်းဇံ၊ ထန်တလန်နှင့် ပလက်ဝ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေရှီး၊ ဟုမ္မလင်းနှင့် တမူး၊ ကချင်ပြည်နယ်တွင် ပူတာအိုနှင့် မချမ်းဘောမြို့တို့ကို သတ်မှတ်ထားကြောင်း သိရသည်။

## အသိပညာပေးနှိုးဆော်ထား

"စောင့်ကြည့်ဒေသတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိနေတဲ့ စိုက်ပျိုးပညာပေးဝန်ထမ်းတွေကို ဗီနိုင်းပိုစတာတွေ၊ ကန္တာရကျိုင်းကောင်ရုပ်ပုံတွေနဲ့ ကြေညာပြီး တောင်သူတွေအနေနဲ့ ကန္တာရကျိုင်းကောင်လို့ သံသယရှိဖွယ်အကောင်တွေ ပတ်ဝန်းကျင်မှာ တွေ့ခဲ့ရင် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်သွယ်ဖို့၊ အကောင်နမူနာနဲ့ ဓာတ်ပုံယူလို့ရရင်ယူလာပြီး သတင်းပေးဖို့ကို အသိပညာပေးနှိုးဆော်ထားပါတယ်။ သတင်းပို့လာမယ်ဆိုရင် ချက်ချင်းကွင်းဆင်းပြီး သွားရောက်စစ်ဆေးမှာဖြစ်ပါတယ်။ ကန္တာရကျိုင်းကောင် ဟုတ်၊ မဟုတ် စစ်ဆေးပြီးရင် သတင်းချက်ချင်းထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

" ကန္တာရကျိုင်းကောင် တွေ့ခဲ့မယ်ဆိုရင် ကျွန်တော်တို့ဘက်ကနေ ကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကာကွယ်နှိမ်နင်းတဲ့လုပ်ငန်းတွေအတွက် ကျွန်တော်တို့ဘက်က ကြိုတင်ပြင်ဆင်ထားတဲ့အနေအထားတွေ ရှိပါတယ်။ ပိုးသတ်ဆေးဖျန်းကိရိယာတွေ၊ ပိုးသတ်ဆေးတွေကို မြို့နယ်အလိုက် ဘယ်ဆိုင်တွေမှာ ရှိမလဲ၊ ဘယ်ကုမ္ပဏီတွေမှာ ရှိမလဲဆိုတာတွေကို ကြိုတင်စာရင်းကောက်ယူထားတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ပိုးသတ်ဆေးကို ဒေသတွေအရောက် ပို့ပေးတဲ့လုပ်ငန်းတွေကို စီစဉ်ထားတယ်။ အရေးပေါ် လိုအပ်လာမယ်ဆိုရင်လည်း အထူးကိစ္စရပ်အနေနဲ့ ပိုးသတ်ဆေးတွေကို တင်သွင်းခွင့်ပြုပြီး ချက်ချင်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။

"ကန္တာရကျိုင်းကောင်တွေဟာ အဆင့် ၅ ဆင့်နဲ့ ပြောင်းလဲသွားပြီး မျိုးပွားဖို့ အကောင်ကြီးအရွယ်ရောက်သွားတဲ့အဆင့်မှာ ဖျက်ဆီးမှုနှုန်းက နှေးသွားတယ်။ ကျန်တဲ့ အဆင့် ၄ ဆင့်မှာ ဖျက်ဆီးစားသောက်နိုင်တဲ့ အနေအထားရှိတယ်။ ငယ်တဲ့အဆင့်မှာပဲ ပိုးသတ်ဆေးနဲ့ နှိမ်နင်းလို့ ထိရောက်တယ်။ ကျန်တဲ့အဆင့်မှာတော့ ထိရောက်မှုမရှိဘူး။ သူတို့ကို နှိမ်နင်းတဲ့နေရာမှာဓာတုဆေးဝါးကို အသုံးပြုတဲ့ နည်းလမ်း၊ ဇီဝဗေဒနည်းလမ်း၊ Biology Control လို့ခေါ်တဲ့ နည်းလမ်း၊ Manual နည်းလမ်းတွေနဲ့ အားလုံးစုပေါင်းပြီး နှိမ်နင်းဆောင်ရွက်သွားရမှာ ဖြစ်တယ်။

## စိတ်ပူစရာ လုံးဝမရှိ

"အခုလောလောဆယ်မှာ တောင်သူတွေအနေနဲ့ စိုးရိမ်မှုမလွန်ကဲပါနဲ့။ ကိုယ်စိုက်ပျိုးထုတ်လုပ်မယ့် သီးနှံတွေကို ပုံမှန်လုပ်ရမယ့် လုပ်ငန်းတွေမှာ အရည်အသွေးကောင်းဖို့၊ သီးနှံထုတ်လုပ်မှုတွေ မြင့်မားဖို့ကိုပဲ အာရုံစိုက်ပြီး ဆောင်ရွက်သွားစေချင်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကန္တာရကျိုင်းကောင် ကျရောက်လာမယ်ဆိုရင် ချက်ချင်းအသိပေးကြော်ငြာတဲ့ လုပ်ငန်းကို မြန်နိုင်သမျှမြန်အောင် ဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့လည်း ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်ဖို့ ပြောကြားလိုပါတယ်။ တကယ်ဝင်ရောက်လာခဲ့ရင် အားလုံးစုပေါင်းအားနဲ့ပဲ ကာကွယ်နှိမ်နင်းမှရမှာ ဖြစ်ပါတယ်။ အခုအချိန်ထိ စိတ်ပူစရာ လုံးဝမရှိပါဘူး။ ကန္တာရကျိုင်းကောင်ကို စိုးရိမ်ပူပန်မှုကင်းစွာနဲ့ လယ်ယာလုပ်ငန်းခွင်တွေမှာ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်ကြဖို့ ပြောချင်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

ကန္တာရကျိုင်းကောင်၏ သက်တမ်းမှာ သုံးလမှ ငါးလအထိရှိပြီး အုပ်စုလိုက် တစ်နေ့လျှင် မိုင်သုံးဆယ်မှ မိုင်ခြောက်ဆယ်အထိ ပျံသန်းနိုင်ပြီး သီးနှံမျိုးစုံကို စားသောက်ဖျက်ဆီးတတ်ကြောင်း သိရသည်။

**သတင်းအင်တာဗျူး-မျိုးမင်းနိုင်**
**ဓာတ်ပုံ- မျိုးသူဟိန်း**

*စာမျက်နှာ ၈ မှ*

| | | |
|---|---|---|
| | | ၎င်းရပ်ကွက်နေ ကိုထက်(၁၉)နှစ်၊ (ဘ)ဦးရာကွယ်အား WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၃၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ တောင်တန်းရှည်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ အောင်ခန့်သူ (၂၃)နှစ်၊ (ဘ)ဦးမြင့်ဆွေအား ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ရွှေတောင်ရပ်ကွက်နေ စိုင်းသက်လှိုင်(၁၉)နှစ်၊ (ဘ) ဦးမောင်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ကျော်သက်ဖြိုး (၁၈)နှစ်၊ (ဘ) ဦးစိုးလွင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၄၀/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၂-၇-၂၀၂၀ ရက်နေ့တွင် တောင်တန်းရှည်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ခင်ဇော်အောင် (ခ) အပြုံး(၂၀)နှစ်၊ (ဘ)ဦးမြင့်တင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး) မယ(ပ)၄၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၄-၇-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၃၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၅၉၀)ဦး၊ မ(၃၁၀)ဦး၊ ပေါင်း(၁၉၀၀)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၆၃.၆၁၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၃၅၆၄.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၄၂၀၃၈)ပြား၊ ဆေးခြောက် (၁၃၀၀၃.၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆)လက်၊ ကျည်မျိုးစုံ(၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးနှင့် e-Payment ၏အခန်းကဏ္ဍ

**အဘိရူပ**

"အစ်မရေ… အစ်မတို့ဌာနရဲ့ Facebook Page မှာ Electronic Payment စနစ်အသုံးပြုပြီး Online ကနေ အခွန်ပေးဆောင်နိုင်ပါပြီဆိုတဲ့ Post လေးတွေ့လိုက်တော့ e-Payment နဲ့ပတ်သက်ပြီး အစ်မတို့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို ကျယ်ကျယ်ပြန့်ပြန့်သိချင်လာလို့ အစ်မဆီ လာမေးတာပါ။ ညီမလေး သိချင်တာလေးတွေ ရှင်းပြပေးပါဦးနော်"

"အော်…ညီမလေးရယ် ရှင်းပြပေးမှာပေါ့။ ဒါပေ မယ့် ညီမလေးရဲ့မေးခွန်းတွေမမေးသေးခင် အစ်မမေးတဲ့ မေးခွန်းလေးကို အရင်ဖြေပေးရမယ်နော်။ ကဲ…ဘယ်လိုလဲ ဖြေမယ်မဟုတ်လား။"

"တို့အစ်မက အကျိုးမရှိတဲ့စကားမပြောဘူးဆိုတာ ယုံပြီးသားပါနော်။ မေးပါ၊ မေးပါ အစ်မရေ။"

"ကိုင်း…မေးပြီနော်။ Facebook မှာ Electronic Payment စနစ်အသုံးပြုပြီး Online ကနေ အခွန်ပေးဆောင်နိုင်ပါပြီဆိုတဲ့ Post လေးတွေ့လိုက်တော့ ပြည်သူတစ်ယောက်အနေနဲ့ စိတ်ထဲမှာ ဘယ်လိုခံစားလိုက်ရသလဲ"

"အစ်မမေးတဲ့ မေးခွန်းကို (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာအမေစုပြောကြားခဲ့တဲ့ မိန့်ခွန်းကောက်နုတ်ချက်ကို ကိုးကားပြီးပြန်ဖြေမယ်နော် အစ်မ။ အမေစုပြောတဲ့မိန့်ခွန်းထဲမှာ COVID-19 ကူးစက်ရောဂါကြောင့် မိမိတို့သည် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ် စီးပွားရေးဘက်သို့ အလျင်အမြန်ကူးပြောင်းနေသည်ဖြစ်ရာ အာဆီယံအနေဖြင့် ဒစ်ဂျစ်တယ် ခေတ်ပြောင်းတော်လှန်ရေးနှင့် ဒစ်ဂျစ်တယ်စက်မှု ၄ ဒသမ ၀ တို့နှင့် ကျင့်သားရ၍ အသားကျနိုင်ရန်နှင့် ၎င်းတို့ကို အပြည့်အဝအသုံးချနိုင်ရန် လိုအပ်ကြောင်း ဆိုတဲ့အချက် ပါတယ်လေ အစ်မရဲ့။"

"အဲဒီတော့…ညီမလေးပြောချင်တာက…"

"e-Payment အကြောင်း Post ကိုဖတ်လိုက်ရတဲ့ အခါမှာ တို့အစိုးရကတော့ ဒစ်ဂျစ်တယ်ခေတ်ပြောင်းတော်လှန်ရေးကို တကယ်ကိုဆင်နွှဲနေပြီပဲ။ ငါတို့ပြည်သူတွေတစ်ဦးချင်းစီကပါ ဒီတော်လှန်ရေးမှာ ပါဝင်ကြရင် နိုင်ငံတော်အတွက် သိသာထင်ရှားတဲ့အရွေ့တစ်ခု ဖြစ်လာနိုင်တယ်ဆိုတဲ့ အတွေးပေါ်လာတယ်။ ဒီပြောင်းလဲမှုကိုလည်း ပြည်သူတစ်ယောက်အနေနဲ့ ကျေကျေနပ်နပ်နဲ့လက်ခံနိုင်တယ်။"

"ညီမလေးဆီက ဒီလိုအဖြေကိုကြားရတာ အစ်မတော့သိပ်ဝမ်းသာတာပဲ။ ခေတ်လူငယ်တွေလည်း နိုင်ငံတော်အစိုးရရဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်တွေကို သေသေချာချာ သဘောပေါက်နားလည်နေကြတာကို သိလိုက်ရလို့လေ။ ဒီတစ်ခါအစ်မက ပြန်ဖြေရမယ့်အလှည့်ပေါ့။ ဟုတ်လား e-Payment နဲ့ပတ်သက်ပြီး ဘာတွေသိချင်တယ်ဆိုတာ ပြောပြပါဦး။ အစ်မလေ့လာထားသမျှ ပြန်မျှဝေပေးပါ့မယ်။"

"ညီမလေးသိချင်တာက ပြည်တွင်းအခွန်များဦးစီးဌာနမှာ ဘာဖြစ်လို့ e-Payment စနစ်ကို အသုံးပြုဖို့ ဆောင်ရွက်ခဲ့တာလဲ။ ဒါကလည်း နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ထဲမှာ ပါဝင်တာလား။"

**e-Payment စနစ်ဆောင်ရွက်ခြင်း အဓိကအကြောင်းရင်းများ**

"ဟာ…တကယ်ကို အဓိကကျတဲ့မေးခွန်းကို ရွေးမေးသွားတာပဲ။ အဲဒီတော့ အစ်မကလည်း ပြည်တွင်း အခွန်များဦးစီးဌာနမှာ ဘာဖြစ်လို့ e-Payment စနစ်ကိုအသုံးပြုဖို့ ဆောင်ရွက်ခဲ့ရတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရအောင် ရှင်းပြပေးသွားမယ်နော်။ ပြည်တွင်းအခွန်များဦးစီးဌာနမှာ e-Payment စနစ်ကို အသုံးပြုဖို့ဆောင်ရွက်ခဲ့ရတဲ့ အဓိကအကြောင်းရင်းသုံးချက် ရှိပါတယ်။ အဲဒီသုံးချက်ထဲက **ပထမဆုံးအချက်ကတော့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP)ရဲ့ မဟာဗျူဟာခေါင်းစဉ်ခွဲ ၂.၃.၂ ကိုလိုက်နာ အကောင်အထည်ဖော်ဖို့…"**

"MSDP ရဲ့ မဟာဗျူဟာခေါင်းစဉ်ခွဲ ၂.၃.၂ ကိုလည်း ရှင်းပြပေးပါဦး အစ်မရဲ့"

"MSDP ရဲ့ မဟာဗျူဟာခေါင်းစဉ်ခွဲ ၂.၃.၂ ကို မရှင်းပြခင် မဟာဗျူဟာ ၂.၃ ကို အရင်ရှင်းပြမယ်နော်။ ဒါမှ ပိုနားလည်သွားမယ်လေ"

"ဟုတ်ကဲ့ပါအစ်မ။"

"မဟာဗျူဟာ ၂.၃ မှာ မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည့်အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှုတိုးမြှင့်ခြင်းဆိုတဲ့ လုပ်ငန်းစဉ်ကြီးကိုချမှတ်ထားပါတယ်။ မဟာဗျူဟာခေါင်းစဉ်ခွဲ ၂.၃.၂ မှာတော့ တစ်နိုင်ငံလုံးသို့ အီလက်ထရောနစ်ဖြင့် ပေးဆောင်ခြင်းစနစ်များချဲ့ထွင်ရန်ဆိုတဲ့ အခြေခံလုပ်ငန်းစဉ်ကို ချမှတ်ထားတာလေ ညီမလေးရဲ့။ အဲဒီမဟာဗျူဟာခေါင်းစဉ်ခွဲရဲ့ရလဒ်ကိုတော့ အခွန်ပေးဆောင်မှု ပိုမိုအဆင်ပြေပြီး ထိရောက်စေဖို့ မျှော်မှန်းထားပါတယ်။ အဲဒီမဟာဗျူဟာကို အစ်မတို့ဌာနက လိုက်နာအကောင်အထည်ဖော်တဲ့အနေနဲ့ e-Payment စနစ်ကို အသုံးပြုဖို့ဆောင်ရွက်ခဲ့တာပါ။ ကဲ…ပထမအချက်ကို သဘောပေါက်သွားပြီလား ညီမလေး"

"ဟုတ်ကဲ့ပါ အစ်မ။ သေသေချာချာသဘောပေါက်သွားပါပြီရှင့်။ ကျန်တဲ့အချက်တွေကိုလည်း အခုလိုပဲ ပြည့်ပြည့်စုံစုံလေး ရှင်းပြပေးပါနော်။"

"**ဒုတိယအချက်ကတော့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ် (Reform Journey)ကို အကောင်အထည်ဖော်ဖို့ပဲဖြစ်**ပါတယ်။ ဒီအချက်ကိုရှင်းပြရရင် အစ်မတို့ဌာနရဲ့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ **အခွန်စီမံခန့်ခွဲမှုကိုခေတ်မီအောင် ဆောင်ရွက်ရေး**ဆိုတဲ့ရည်ရွယ်ချက်တစ်ရပ်လည်း ပါဝင်ပါတယ်။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ အခွန်ငွေပေးသွင်းတဲ့လုပ်ငန်းစဉ်ကို e-Payment စနစ်ကို အသုံးပြုဖို့ ဆောင်ရွက်ခဲ့တာပါ။"

"ဒုတိယအချက်ကိုလည်း ရှင်းသွားပါပြီရှင့်။"

"**တတိယအချက်ကတော့ ကမ္ဘာ့ဘဏ်ကနှစ်စဉ် ထုတ်ပြန်တဲ့ Doing Business အစီရင်ခံစာမှာ ရမှတ်ကောင်းကောင်း၊ အဆင့်ကောင်းကောင်းရဖို့ပဲ** ဖြစ်ပါတယ်။ Doing Business အစီရင်ခံစာဆိုတာက နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဆောင်ရွက်ရတာလွယ်ကူရဲ့လား ဆိုတာကို သတ်မှတ်ထားတဲ့ အညွှန်းကိန်း ၁၀ ခုနဲ့တိုင်းတာပြီး ထုတ်ပြန်တဲ့အစီရင်ခံစာလေ ညီမလေးရဲ့။ အစ်မတို့ ပြည်တွင်းအခွန်ကို အညွှန်းကိန်း ၁၀ ခုထဲက တစ်ခုဖြစ်တဲ့ Paying Tax Indicator အညွှန်းကိန်းဆိုင်ရာ အဖွဲ့မှာခေါင်းဆောင်အနေနဲ့ တာဝန်ပေးအပ်ထားပါတယ်။ Paying Tax Indicator ဆိုတာ မြန်မာလိုဆိုရင်တော့ အခွန်ပေးဆောင်ရတာလွယ်ရဲ့လားဆိုတာကို တိုင်းတာတဲ့အညွှန်းကိန်းလို့ ပြောရမှာပေါ့ ညီမလေးရေ။ အဲဒီအညွှန်းကိန်းကို အကဲဖြတ်တဲ့အချက်လေးချက်ထဲမှာ အခွန်ငွေပေးဆောင်တာကို တစ်နှစ်ဘယ်နှကြိမ် ပေးဆောင်ရသလဲ။ အခွန်ပေးဆောင်တဲ့ လုပ်ငန်းစဉ်အတွက် အချိန်ဘယ်လောက်အသုံးပြုရသလဲ ဆိုတာတွေကို စိစစ်တာကလည်း အချက်တစ်ချက်အနေနဲ့ ပါဝင်တယ်လေ။ Online ကနေ အခွန်ပေးဆောင်နိုင်မယ်၊ အခွန်ထမ်းတွေအားလုံး Online Payment စနစ်ကိုအသုံးပြုနိုင်မယ်ဆိုရင်တော့ Paying Tax Indicator မှာ ရမှတ်တွေ၊ အဆင့်တွေတိုးလာပြီး Doing Business မှာလည်း အဆင့်တွေ တက်လာမယ်လေ ညီမလေးရဲ့"

"အော်…ညီမလေး သဘောပေါက်ပြီ အစ်မ။ အဲဒီ အစီရင်ခံစာကို ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ လုပ်ငန်းရှင်တွေက စောင့်ကြည့်လေ့လာပြီး အဆင့်ကောင်းတဲ့နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံလေ့ရှိကြတယ်တဲ့။ ဒါကြောင့် Doing Business မှာ အဆင့်တက်ဖို့ e-Payment စနစ်ကို ဆောင်ရွက်ရတာကိုး…"

**အခွန်ထမ်းပြည်သူအားလုံး ကျင့်သုံးနိုင်ဖို့စီစဉ်**

"ဟုတ်တာပေါ့..ညီမလေးရယ်။ Doing Business မှာအဆင့်တက်ဖို့ e-Payment စနစ်ကို အစိုးရဘက်က အကောင်အထည်ဖော်ရုံနဲ့မရသေးဘူး။ အခုလက်ရှိကာလမှာ e-Payment စနစ်ကို အသုံးပြုဖို့ အခွင့်အရေးရှိတဲ့ အခွန်ထမ်းပြည်သူတစ်ရပ်လုံးကပါ ဒီစနစ်ကို အသုံးပြုဖို့လည်းလိုသေးတယ် ညီမလေးရဲ့။ ဒါ့ကြောင့်လည်း အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနဲ့ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတွေမှာ စည်းကြပ်မှုခံယူနေတဲ့ အခွန်ထမ်းပြည်သူအားလုံး e-Payment စနစ် အသုံးပြုပြီး အခွန်ပေးဆောင်စေတဲ့ အစီအစဉ်ကို ကျင့်သုံးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။"

"e-Payment စနစ်ကို ဘယ်လိုအခွန်ထမ်းတွေက သုံးခွင့်ရှိတာလဲ၊ ဒီစနစ်ကိုအသုံးပြုခွင့်ရတဲ့ အခွန်ထမ်းကရော အခွန်ပေးသွင်းဖို့ ဘာတွေလုပ်ရသေးလဲ အစ်မ"

> **"e-Payment စနစ်ကို အသုံးပြုတာဟာ အခွန်ထမ်းပြည်သူတွေဘက်မှာ အကျိုးကျေးဇူးရှိသလို နိုင်ငံတော်ဘက်မှာလည်း ရရှိမယ့် အကျိုးကျေးဇူးတွေရှိပါတယ်။ e-Payment စနစ်ကိုအသုံးပြုပြီး လွယ်လွယ်ကူကူ အခွန်ပေးဆောင်နိုင်တာနဲ့အမျှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိမှု တိုးတက်လာမှာပါ။ e-Payment စနစ်ကို အသုံးပြုတဲ့သူများလာတာနဲ့အမျှ Doing Business မှာ အဆင့်တွေတက်လာမယ်။ ဒါဆိုရင် အစ်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုသူတွေများလာမယ်"**

"အခုလက်ရှိကာလမှာ e-Payment စနစ်ကို အခွန်ထမ်းမှတ်ပုံတင်အမှတ် (9 Digit TIN) ရရှိထားပြီး e-Payment နဲ့ အခွန်ပေးဆောင်နိုင်တဲ့ ပုဂ္ဂလိကဘဏ်မှာ ငွေစာရင်းဖွင့်ထားတဲ့သူတွေပဲ သုံးခွင့်ရှိပါတယ်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (9 Digit TIN) ရရှိထားသူတွေဆိုတာကတော့ ကုမ္ပဏီအခွန်ထမ်းတွေကို ဆိုလိုတာပါ။ e-Payment စနစ်ကို အသုံးပြုမယ့်သူတွေအနေနဲ့ အခွန်ငွေပေးသွင်းမှုအတွက် ဆက်သွယ်ရမယ့် email လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်တို့ကို သက်ဆိုင်ရာအခွန်ရုံးထံ ပေးပို့ထားဖို့ လိုပါတယ်။"

"အစ်မပြောသလိုဆိုရင် e-Payment စနစ်ကို တစ်ဦးချင်းအခွန်ထမ်းတွေ သုံးခွင့်မရသေးဘူးပေါ့။ အဲဒါဆို ကုမ္ပဏီတွေက နုတ်ယူပေးသွင်းရတဲ့ လစာဝင်ငွေခွန်တို့၊ Withholding Tax တို့ကို e-Payment စနစ်သုံးပြီး အခွန်သွင်းလို့ မရသေးဘူးပေါ့နော်"

"ဟုတ်ပါတယ်ညီမလေး၊ e-Payment နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါမှာ အချိန်အများကြီးယူရတယ်။ အခုလက်ရှိသုံးစွဲနေတဲ့အနေအထားရောက်ဖို့ အစ်မတို့ဌာနက ၂၀၁၅ ခုနှစ်ကတည်းက စခဲ့ရတာညီမလေးရဲ့။ ပြီးတော့ ဒီလုပ်ငန်းစဉ်ကြီးကို အစ်မတို့တစ်ဌာနတည်းရဲ့ အင်အားနဲ့လည်း ဆောင်ရွက်လို့မရဘူးလေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန စတဲ့ ဌာနဆိုင်ရာတွေအများကြီးနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးမှ တစ်ဆင့်ချင်း ဆောင်ရွက်ရတာဆိုတော့ လောလောဆယ်မှာ တစ်ဦးချင်းအခွန်ထမ်းတွေ သုံးခွင့်မရသေးပါဘူး။ ဒါပေမယ့် သိပ်မကြာခင်ကာလမှာတော့ ညီမလေးပြောတဲ့ လစာဝင်ငွေခွန်တို့၊ Withholding Tax တို့ကို e-Payment စနစ်သုံးပြီး အခွန်သွင်းလို့ ရတော့မှာပါ။ ဒီလိုဆောင်ရွက်လို့ရအောင်လည်း ဝင်ငွေခွန်စည်းမျဉ်းကို ပြီးခဲ့တဲ့ဖွန်လမှာ ပြင်ထားပြီးပြီလေ ညီမလေးရဲ့။ ဒါ့အပြင် ပြည်ပကတင်သွင်းလာတဲ့ မော်တော်ယာဉ်တွေအပေါ် ဝင်ငွေခွန်စိစစ်ကောက်ခံရေးအဖွဲ့ရုံးတွေမှာ e-Payment စနစ်နဲ့ အခွန်ပေးသွင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"

"သတင်းကြားတာနဲ့တင်ကို အခွန်ထမ်းပြည်သူတွေ ကိုယ်စား ဝမ်းသာလှပါပြီအစ်မရယ်။"

"e-Payment စနစ်ကို တိုးချဲ့မယ့်အစီအစဉ် အကြောင်းကြားရရုံနဲ့ ဒီလောက်တောင်ပျော်ရသလား ညီမလေးရဲ့။"

"ပျော်တာပေါ့အစ်မရယ်။ ညီမလေးက e-Payment စနစ်ကို ဘာ့ကြောင့်ဆောင်ရွက်နေမှန်းသာ မသိတာပါနော်၊ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်းတစ်ယောက်ကပြောပြဖူးလို့ e-Payment စနစ်အသုံးပြုပြီး အခွန်ပေးသွင်းလို့ရရှိတဲ့ အကျိုးကျေးဇူးတွေက အများကြီးဆိုတာ သိပြီးသားပါ အစ်မရဲ့။"

"e-Payment စနစ်ကို လက်တွေ့အသုံးပြုနေတဲ့သူက ပြောပြတဲ့စကားဆိုတော့ အစ်မလည်းသိချင်လိုက်တာ၊ ပြန်ပြောပြလို့ရမလား ညီမလေး"

**နှစ်ဦးနှစ်ဖက်အကျိုးရှိသော အခွန်ထမ်းစနစ်**

"ရတာပေါ့အစ်မရဲ့။ သူငယ်ချင်းက ပြောတယ် e-Payment စနစ်နဲ့ အခွန်ပေးဆောင်ရတာ အလွန်အဆင်ပြေတာပဲတဲ့။ အရင်တုန်းကလို အခွန်ရုံးသွားပြီး ချလန်ယူရတာတို့၊ ဘဏ်မှာငွေသွင်းဖို့ ငွေထုပ်ကြီးသယ်သွားရတာတို့ လုပ်ဖို့မလိုတော့တဲ့အတွက် တော်တော့ကို အချိန်ကုန်၊ စရိတ်ကုန်သက်သာသွားတယ်တဲ့။ ပြီးတော့အခုလို ကိုဗစ်ကာလအတွင်းမှာ ဘယ်မှသွားစရာမလိုတဲ့အတွက် ရောဂါကာကွယ်ပြီးသားလည်း ဖြစ်တယ်တဲ့။ ဒါ့အပြင် အခွန်ငွေလက်ခံရရှိကြောင်း အထောက်အထားကို ဗဟိုဘဏ်နဲ့ ပြည်တွင်းအခွန်က e-mail နဲ့ပေးပို့ပေးတာဖြစ်လို့ ခိုင်မာမှုရှိပြီး ချလန်ပျောက်မှာလည်း စိတ်ပူစရာမလိုတော့ဘူးတဲ့ အစ်မရဲ့။ အဲဒီလို e-Payment စနစ်နဲ့အခွန်ပေးဆောင်ရတဲ့ အကျိုးကျေးဇူးတွေကိုသိထားလို့ ညီမလေးက အခွန်ထမ်းပြည်သူတွေ ကိုယ်စားဝမ်းသာတယ်လို့ ပြောတာပါ"

"အခုလိုပြန်မျှဝေပေးလို့ ကျေးဇူးတင်ပါတယ် ညီမလေး။ e-Payment စနစ်ကို အသုံးပြုတာဟာ အခွန်ထမ်းပြည်သူတွေဘက်မှာ အကျိုးကျေးဇူးရှိသလို နိုင်ငံတော်ဘက်မှာလည်း ရရှိမယ့်အကျိုးကျေးဇူးတွေရှိပါတယ်။ e-Payment စနစ်ကိုအသုံးပြုပြီး လွယ်လွယ်ကူကူ အခွန်ပေးဆောင်နိုင်တာနဲ့အမျှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိမှု တိုးတက်လာမှာပါ။ e-Payment စနစ်ကိုအသုံးပြုတဲ့သူ များလာတာနဲ့အမျှ Doing Business မှာ အဆင့်တွေတက်လာမယ်။ ဒါဆိုရင် အစ်မတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုသူတွေ များလာမယ်။ e-Payment စနစ်က e-Government စနစ်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်လို့ e-Payment စနစ်အောင်မြင်တာနဲ့အမျှ e-Government စနစ်တိုးတက်မှုရှိလာတယ်လို့ သတ်မှတ်နိုင်မယ်။ e-Payment စနစ်ဟာ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးရဲ့ အစိတ်အပိုင်းဖြစ်သလို ဒစ်ဂျစ်တယ် ခေတ်ပြောင်းတော်လှန်ရေးရဲ့ အဓိကကျတဲ့အစိတ်အပိုင်း တစ်ခုလည်း ဖြစ်နေတယ်ဆိုတာ ယုံမှားစရာ မရှိပါဘူး ညီမလေးရေ။"

"ဟုတ်ပါတယ်အစ်မ။ အစ်မရှင်းပြမှပဲ ဘာ့ကြောင့် အခွန်ထမ်းပြည်သူတွေ e-Payment စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုဖို့လိုအပ်တာလဲဆိုတာကိုပါ သဘောပေါက်သွားပါပြီရှင့်။ အခုလို စိတ်ရှည်ရှည်နဲ့ ဆွေးနွေးပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ အစ်မတို့ဌာနရဲ့ Facebook Page မှာလည်း အခုလိုပညာပေးအစီအစဉ်လေးတွေ မကြာမကြာတင်ပေးဖို့ အကြံပြုချင်ပါတယ်။ နောက်ထပ်လာမေးရင်လည်း ရှင်းပြပေးဦးနော် အစ်မ"

"ကောင်းပါပြီ ညီမလေးရယ် နောက်မှဆုံကြသေးတာပေါ့။"

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ်၊ ဇွန်လ | | ၂၀၂၀ ခုနှစ်၊ ဇွန်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၃၆၀၁၁ | ၁၄၇၆၅ | ၁ | ၂၆၇ | |
| ၂ | မန္တလေးလေဆိပ် | ၂၄၃၀၄ | ၃၇၀၅ | ၀ | ၀ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၈၈ | ၃၅၃ | ၀ | ၁၁ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၁၅၃ | ၁၇၃ | ၀ | ၀ | |
| ၆ | မြဝတီ | ၉၄၈ | ၂၆၃၈ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၅၂ | ၅၆ | ၀ | ၀ | |
| ၈ | ထီးခီး | ၂၂ | ၅ | ၀ | ၀ | |
| ၉ | တမူး | ၁၉၅ | ၁၈ | ၀ | ၀ | |
| ၁၀ | ရိခေါဒါရ် | ၆ | ၁ | ၀ | ၀ | |
| | စုစုပေါင်း | ၆၅၈၇၉ | ၂၁၇၁၄ | ၁ | ၂၇၈ | |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာ့လှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာ့လှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာလ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာလ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄ | ဇန်နဝါရီလ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| ၅ | ဖေဖော်ဝါရီလ | ၁၀၂၀၁၆ | ၂၄၆၁၂ | ၁၂၆၆၂၈ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ |
| ၆ | မတ် | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ |
| ၇ | ဧပြီ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ | ၀ | ၆၁ | ၆၁ |
| ၈ | မေ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ | ၀ | ၁၀၂ | ၁၀၂ |
| ၉ | ဇွန် | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ | ၁ | ၂၇၈ | ၂၇၉ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | စုစုပေါင်း | ၇၀၈၁၂၉ | ၁၉၅၇၀၄ | ၉၀၃၈၃၃ | ၅၂၀၆၆၅ | ၁၅၀၄၄၅ | ၆၇၁၁၁၀ |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

## ပြည်ကြီးတံခွန်မြို့နယ်၌ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသသူကို အရေးယူထား

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဇူလိုင် ၅ ရက်က ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသသူကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ရပ်ကွက်နေ သန့်ဇင်ကိုကို(၄၁ နှစ်)သည် ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက ရွာမ ရပ်ကွက်၌ "ခေတ်သစ်ဇီဝက" အမည်ဖြင့် ဆေးခန်းဖွင့်လှစ်၍ ဆရာဝန်ဘွဲ့လက်မှတ်အတုဖြင့် ဆေးကုနေကြောင်း သတင်းအရ မြို့နယ်ကျန်းမာရေးဦးစီးဌာနအဖွဲ့က သွားရောက်စစ်ဆေးရာ ၎င်းအားမတွေ့ရှိဘဲ ၎င်း၏ဆေးပညာ ဘွဲ့လက်မှတ်မိတ္တူတစ်စောင်အားတွေ့ရှိ၍ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခဲ့ရာ ဘွဲ့လက်မှတ်မှာ အတုဖြစ်ကြောင်း သိရှိရသဖြင့် အရေးယူပေးပါရန် တိုင်တန်း၍ သန့်ဇင်ကိုကိုအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း ဖုန်း၊ ဆိုင်ကယ်ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင် များနှင့် အင်းစိန် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန်လ နောက်ဆုံးပတ်က အင်းစိန်မြို့နယ်အတွင်း ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ စိုးမင်းဦး(ခ) ကတုံး(ခ) မှော်ဆရာအား ရွာမအနောက်ရပ်ကွက် နယ်မြေ (၇) ကျောင်းလမ်းမပေါ် ၌ ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိသဖြင့်စစ်ဆေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ အတွင်းမှ ဆိုင်ကယ်ကိုးစီး ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ဆိုင်ကယ်ကိုးစီး အား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ စိုးမင်းဦး(ခ)ကတုံး(ခ)မှော်ဆရာကို ဥပဒေနှင့်အညီ အမြန် တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ စိုးမင်းဦး(ခ)ကတုံး(ခ)မှော်ဆရာနှင့် သက်သေခံပစ္စည်းများ။

***ကျောဖုံးမှ***

ရေယာဉ်လိုင်းများအနေဖြင့် ကျေးရွာမှထွက်ရှိသည့် ကုန်စည်များအား သယ်ယူကာ မြို့ပေါ် ကုန်စည်ဒိုင်များတွင် ရောင်းချ ပေးခဲ့ပြီး ကျေးရွာများအတွက် လိုအပ်သည့် စက်မောင်းဆီ၊ စားသောက်ကုန်နှင့် လူသုံးကုန်များအား မြို့မှဝယ်ယူ၍ ကျေးရွာပြည်သူများထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယခုအချိန်တွင် ကုန်စည်စီးဆင်းမှုသာမက လိုက်ပါစီးနင်းသူခရီးသည် များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပုံမှန်ပြေးဆွဲနေကြောင်း ရေယာဉ်လိုင်း ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**

## ဖားကန့်၌ ပေ ၁၀၀ ခန့်ရှိ မြေစာပုံပြိုကျရာ ရေမဆေးကျောက် ရှာဖွေသူတစ်ဦး ပြုတ်ကျသေဆုံး

**ဖားကန့် ဇူလိုင် ၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက် မော်မောင်းဘွမ်ကျေးရွာအနီးရှိ ယခင်ရွှေနဂါး ကိုးကောင်(သို့)မန်းရော လုပ်ကွက်ဟောင်းမြေစာပုံ ၌ တစ်ဦးတည်း ရေမဆေးကျောက် ရှာဖွေနေသော အမျိုးသားသည် ယနေ့နံနက် ၉ နာရီခန့်က မြေစာ အိလျောကျစဉ် မြေစာများနှင့်အတူ အမြင့် ပေ ၁၀၀ ခန့်မှ အောက်သို့ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

မြေစာများနှင့်အတူပြုတ်ကျသေဆုံးခဲ့သူမှာ ဆွတ်ပိုင်ယန်ကျေးရွာတွင် နေထိုင်သူ ဦးမိဝါ နော်အောင်(ခ)မရစ်အောင်(၅၈ နှစ်) ဖြစ်ကြောင်း သိရသည်။

ဖားကန့်၌ မြေစာပုံပြိုခြင်းနှင့် ကမ်းပါးပြို ခြင်းများကြောင့် နှစ်စဉ် လူသေဆုံးမှုများ ဖြစ်ပေါ် လျက်ရှိရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဆန်ခါစုပေါင်းစွန့်ပစ်မြေစာပုံ ပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၁၀၀ ကျော် သေဆုံး ခဲ့ရသည်။

ထို့အတူ ဇူလိုင် ၂ ရက်က ဝေခါမှော်တွင် မြေပြို ကျမှုဖြစ်စဉ်သည် လူသေဆုံးမှု အများဆုံးစံချိန်တင် ခဲ့ပြီး လက်ရှိသေဆုံးသူ ၁၇၁ ဦးနှင့် ခန္ဓာအပိုင်းအစ တစ်ခုအပါအဝင်လျှင် ၁၇၂ ဦး၏ ရုပ်အလောင်း များအား ရရှိထားပြီဖြစ်ကာ ဇူလိုင် ၅ ရက်အထိ လူပျောက်တိုင်ကြားထားသူ ၂၀ ရှိကြောင်း သိရ သည်။

**တာလင်းမောင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၁ ပါ နေပြည်တော် ပျဉ်းမနားမြို့၌ လုယက်မှု ကျူးလွန်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိသတင်း မှ ပြစ်မှုကျူးလွန်သူ ကြည်လွင်၊ အလျှင်လိုကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ် (အစား) ကြည်လွင် (ခ) ကြည်နိုင်(ခ)အငယ်လေး၊ သူကြီးစု(၁)ရပ်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနား မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

**ရဲပြန်ကြား**

ဇီဝမျိုးစုံ ကြွယ်စေဖို့၊
သဘာဝတောတွေ ထိန်းသိမ်းစို့။

***ကျောဖုံးမှ***

ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အဆိုပါ ကစားသမားကို ခေါ်ယူရန် ပျက်ပြယ်ဖွယ်ရှိနေသည်။ ဟာဗက်ဇ်သည် ယခုနှစ်ရာသီတွင် လေဗာ ကူဆင်အသင်းအတွက် ဘွန်ဒက်စ်လီဂါတွင် ပွဲ ၃၀ ကစားထားရာ ၁၂ ဂိုး သွင်းယူပေးနိုင်ပြီး ခြောက်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

ထို့အပြင် ဟာဗက်ဇ်သည် လေဗာကူဆင်အသင်းက ဘိုင်ယန်မြူးနစ် အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲ တွင်လည်း လေဗာကူဆင်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ ကြောင်း သိရသည်။ ဟာဗက်ဇ်သည် လေဗာကူဆင်အသင်းအတွက် ပြိုင်ပွဲစုံ ၁၄၆ ပွဲ ပါဝင်ကစားထားပြီး ၄၅ ဂိုး သွင်းယူပေးထားနိုင်သည်။ ၎င်း၏ လေဗာကူဆင်အသင်းသည် ဩဂုတ်လတွင် ယူရိုပါလိဂ် ၁၆ သင်း အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ရိန်းဂျားအသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိ နေသေးသည်။ ပထမအကျော့ပွဲစဉ်တွင် လေဗာကူဆင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

ချယ်လ်ဆီးအသင်းသည် ဟာဗက်ဇ်အပြင် လက်စတာအသင်းမှ ဘယ်ခံစစ်ကစားသမား ဘင်ချီဝဲလ်ကို ခေါ်ယူရန်ပစ်မှတ်ထားနေပြီး အိုင်းယက်စ်အသင်းမှ တက်လီယာဖီကိုနှင့် ပေါ်တိုအသင်းမှ တဲလ်လပ်စ် တို့ကိုလည်း ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သိရသည်။ လာမည့်နှစ် ချန်ပီယံ လိဂ်ဝင်ခွင့်အတွက် လက်ကျန်ပွဲစဉ်အားလုံးကို အနိုင်ရရှိရန် လိုအပ်နေသည့် ချယ်လ်ဆီးအသင်းအနေဖြင့် ပရီမီယာလိဂ်ပွဲစဉ် (၃၄)အဖြစ် ဇူလိုင် ၇ ရက် ည ၁၁ နာရီခွဲတွင် ခရစ္စတဲလ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရ မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ၃၃ ပွဲ ကစားထားရာတွင် ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ပဲလေ့စ်အသင်းက ၃၃ ပွဲကစား ရမှတ် ၄၂ မှတ်ဖြင့် အဆင့် (၁၄)နေရာတွင် ရပ်တည်နေသည်။ ပဲလေ့စ်နှင့် ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးလေးကြိမ်တွင် လေးကြိမ်စလုံး ချယ်လ်ဆီးအသင်းက အနိုင်ရရှိ ထားရှိသည်။

ပရီမီယာလိဂ် (၃၄)၏ အခြားသော ပွဲစဉ်တွင် အဆင့်(၃)နေရာမှ လက်စတာနှင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသော အာဆင်နယ်အသင်း တို့ ဆုံတွေ့နေပြီး လက်စတာအသင်းရှုံးနိမ့်ပြီး ချယ်လ်ဆီးအသင်း အနိုင်ရရှိ ခဲ့ပါက အဆင့် (၃)နေရာအထိ တက်လှမ်းနိုင်မည်ဖြစ်သည်။

**အောင်ဇော်**

# တရုတ်ရေတပ်က ပင်လယ်သုံးခုတို့တွင် စစ်ရေးလေ့ကျင့်

**ပေကျင်း ဇူလိုင် ၆**

တရုတ်ရေတပ်ဖွဲ့သည် ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ပင်လယ်ပြင်သုံးခုတို့တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး အဆိုပါရေပိုင်နက်များတွင် တရုတ်နိုင်ငံ၏ တည်ရှိမှုကို ထုတ်ဖော်ပြသလိုဟန်ရှိသည့် စစ်ရေးလှုပ်ရှားမှုများအဖြစ် တွေ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းက ဖော်ပြခဲ့သည်။

**အချိန်အတိအကျဖော်ပြခြင်းမရှိ**


တရုတ်ရေတပ်ဖွဲ့သည် စစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်၊ အရှေ့တရုတ်ပင်လယ်နှင့် ပင်လယ်ဝါတို့တွင် လုပ်ဆောင်ခဲ့သော်လည်း မည်သည့်အချိန်အခါနှင့် မည်သည့်နေရာတွင် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သည်ကို အတိအကျဖော်ပြခဲ့ခြင်းမရှိကြောင်း တရုတ်ဗဟိုရုပ်မြင်သံကြားနှင့် အခြားသော နိုင်ငံပိုင်သတင်းမီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

**အငြင်းပွားလျက်ရှိ**

သို့ရာတွင် စစ်ရေးလေ့ကျင့်မှုအတွင်း ပြည်တွင်းလုပ် ဒုံးကျည်တင်စစ်သင်္ဘောသစ်တစ်စင်း၊ ဖျက်သင်္ဘောတစ်စင်းပါဝင်ပြီး လက်နက်များကို လက်တွေ့ပစ်ခတ်သည့် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ရေပိုင်နက်အငြင်းပွားမှုတွင်ပါဝင်နေသည့် နိုင်ငံတစ်ခုဖြစ်ပြီး ဗီယက်နမ်နှင့် အခြားအိမ်နီးချင်း နိုင်ငံများကလည်း ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။

တရုတ်ရေတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုနှင့်တိုက်ဆိုင်စွာ အမေရိကန်ကလည်း အဆိုပါရေပိုင်နက်များတွင် လေယာဉ်တင်သင်္ဘောနှစ်စင်းပါဝင်သည့် စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# အင်ဒိုနီးရှား-ဩစတြေးလျ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် စတင်အသက်ဝင်

**ဂျကာတာ ဇူလိုင် ၆**

အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့ အကြား နှစ်နိုင်ငံ ကုန်စည်များအပေါ် ကုန်သွယ်ရေးအရ အခွန်စည်းကြပ်မှု အများစုကို အပြီးဖယ်ရှားလိုက်ပြီး ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် ရည်ရွယ်လျက် သဘောတူညီခဲ့သည့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် စတင် အသက်ဝင်နေပြီဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး အာဂတ်စ်စူပါမန်တိုက ပြောကြားသည်။

ဇူလိုင် ၄ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် အင်ဒိုနီးရှား-ဩစတြေးလျ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှား ပါလီမန်လွှတ်တော်၌ အတည်ပြုခဲ့သည်။ အဆိုပါသဘောတူစာချုပ်အရ အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့ကုန်များ အားလုံးကို ဩစတြေးလျနိုင်ငံတွင် အခွန်ကောက်ခံမည် မဟုတ်သည့်အတွက် အင်ဒိုနီးရှားနိုင်ငံမှ တင်ပို့သူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။



အင်ဒိုနီးရှားနိုင်ငံမှ အဝတ်အထည်တင်ပို့ကုန်များ။

ထို့အပြင် လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူစာချုပ်အရ အင်ဒိုနီးရှားနိုင်ငံ၌ ဩစတြေးလျနိုင်ငံမှ ထုတ်ကုန်များအပေါ် တင်ပို့ကုန်ကောက်ခံခြင်းကို ဖျက်သိမ်းလိုက်သည့်အတွက် အင်ဒိုနီးရှားစက်ရုံများက လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အိမ်နီးချင်းများ ဖြစ်ကြသည့် အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံဖိုးခန့်အထိ ကုန်သွယ်ခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ငါးဦးတွေ့ရှိ

**ဘန်ကောက် ဇူလိုင် ၆**

ထိုင်းနိုင်ငံတွင် ဇူလိုင် ၆ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိခဲ့ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်းမှာ ၃၁၉၅ ဦးအထိ ရှိလာကြောင်း သိရသည်။

မကြာသေးမီက ကူဝိတ်နိုင်ငံမှ ပြန်လာသည့် ထိုင်းနိုင်ငံသားများတွင် ရောဂါကူးစက်ခံခဲ့ရပြီး ၎င်းတို့ကို သီးသန့် ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားကြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေ စီမံခန့်ခွဲမှုစင်တာက ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ ရောဂါကူးစက်ခံရသူများအနက် လေးဦးမှာ အမျိုးသားများဖြစ်ပြီး အလုပ်သမားများ ဖြစ်ကြသည်။ ကျန်တစ်ဦးမှာ အမျိုးသမီးဖြစ်သည်။

၎င်းတို့အားလုံးသည် ဇွန် ၂၉ ရက်က ဘန်ကောက်မြို့သို့ ရောက်ရှိလာခဲ့ကြပြီး ဘန်ကောက်မြို့၌ ကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိသည်။ ၎င်းတို့အားလုံးတွင် ကိုဗစ်-၁၉ လက္ခဏာများ မပြသေးကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**



ဗိုင်းရပ်စ်အကာအကွယ်မျက်နှာဖုံးတပ်ဆင်ထားသည့် ထိုင်းလက်ဝှေ့သမားနှစ်ဦးကို ယှဉ်ပြိုင်ထိုးသတ်ခြင်းမပြုမီ တွေ့ရစဉ်။

# အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်

**ဂျကာတာ ဇူလိုင် ၆**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၀၉ ဦးအထိရှိခဲ့ပြီး စုစုပေါင်းရောဂါကူးစက်ခံရသူ အရေအတွက် ၆၄၉၅၈ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၇၀ ရှိပြီး စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၃၂၄၁ ဦးရှိပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင် အက်ကမက်ယူရီယန်တိုက ဇူလိုင် ၆ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**စံချိန်တင်မြင့်တက်**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံမှဆင်းလာသူ နောက်ထပ် ၈၁၄ ဦးရှိကြောင်း အက်ကမက်ယူရီယန်တိုက ဖော်ပြသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်နယ်ငါးခုဖြစ်သည့် ဂျကာတာ၊ အနောက်ဂျာဗား၊ အလယ်ဂျာဗား၊ အရှေ့ဂျာဗားနှင့် ဆူလာဝေစီတောင်ပိုင်းတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ စံချိန်တင်အောင် မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

သို့ရာတွင် နိုင်ငံအတွင်းရှိ ပြည်နယ် ၁၁ ခုတို့တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူမရှိကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင် အက်ကမက်ယူရီယန်တိုက တိုက်တွန်းထားကြောင်း သိရသည်။

**ဖိလစ်ပိုင်၌ ရောဂါကူးစက်မှုအခြေအနေ**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ဆက်လက်မြင့်တက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၂၀၉၉ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၄၆၃၃၃ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

ရောဂါကူးစက်ခံရပြီးနောက် နောက်ထပ် လူနာ ၂၄၃ ဦးပြန်လည်သက်သာလာပြီး ဆေးရုံမှ ပြန်ဆင်းလာသည့် လူနာအရေအတွက် စုစုပေါင်းမှာ ၁၂၁၈၅ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ရောဂါကူးစက်မှုကြောင့် လူနာ ခြောက်ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူအရေအတွက် စုစုပေါင်းမှာ ၁၃၀၃ဦးအထိ တိုးလာခဲ့သည်။

**နေရပ်ပြန်အလုပ်သမားများ ကူးစက်ခံရ**

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ မက်ထရိုမနီလာမြို့တွင် တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၉၉၈ ဦးရှိပြီး ဗီဆာယက်စ် အလယ်ပိုင်းဒေသတွင် ၄၆၆ ဦး ရှိကာ ကျန်ဒေသများတွင် ၅၄၁ ဦးအထိ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံပြင်ပတွင် အလုပ်လုပ်ကိုင်နေကြပြီး အစိုးရက နေရပ်ပြန်ပို့ပေးခဲ့သည့် အလုပ်သမား ၉၄ ဦးတို့တွင်လည်း ကိုဗစ်-၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# ဂျာမနီလေယာဉ် အင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီမှ အလုပ်နေရာပေါင်း ၁၀၀၀ လျှော့ချသွားမည်

**ဘာလင် ဇူလိုင် ၆**

ဂျာမနီလေယာဉ် အင်ဂျင်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော MTU ကုမ္ပဏီသည် အလုပ်နေရာပေါင်း ၁၀၀၀ ထက် မနည်း လျှော့ချသွားရန် စီစဉ်နေရသည်ဟု ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

**သတင်းထုတ်ပြန်**

ကိုဗစ်-၁၉ ပျံ့နှံ့မှုကြောင့် တစ်ကမ္ဘာလုံးရှိ လေကြောင်းလုပ်ငန်းကို ရိုက်ခတ်လျက်ရှိပြီး ယင်းဖြစ်ရပ်၏ အကျိုးဆက်များကြောင့် ကုမ္ပဏီအနေဖြင့် အလုပ်နေရာ လျှော့ချရန် စီစဉ်နေခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ကုန်ပိုင်းတွင် ဂျာမနီနှင့် အခြားနေရာများရှိ အလုပ်နေရာပေါင်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ရည်ရွယ်ထားသည်ဟု ကုမ္ပဏီက သတင်းထုတ်ပြန်သည်။

MTU ကုမ္ပဏီသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဌာနချုပ်ထားရှိပြီး ကမ္ဘာအနှံ့ လူပေါင်း ၁၀၀၀၀ ကျော်ကို အလုပ်နေရာ ဖန်တီးပေးထားသည်။ ယင်းကုမ္ပဏီသည် စစ်ဘက်သုံးနှင့် စီးပွားရေးသုံး လေယာဉ်များအတွက် အင်ဂျင်ထုတ်လုပ်ပေးပြီး အင်ဂျင်ထိန်းသိမ်းရေး ဝန်ဆောင်မှု လုပ်ငန်းများလုပ်ကိုင်သည့် ကုမ္ပဏီဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် လေကြောင်းလုပ်ငန်းမှာ ဖိအားများအောက်ရောက်နေရသည်ဟု စီအီးအိုရေနီးယားဝင့်ကလာက ပြောသည်။

**အခက်ကြုံခဲ့ရ**

ကိုဗစ်-၁၉ ကူးစက်ခံရမှုအရှိန်ကို လျှော့ချရန်အလို့ငှာ မတ်လမှစတင်ပြီး ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ စတင်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာအနှံ့ရှိ လေကြောင်းလုပ်ငန်းမှာ အခက်ကြုံခဲ့ရသည်။ ဥရောပ လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အဲဘတ်စ်သည်လည်း ကမ္ဘာအနှံ့ အလုပ်နေရာပေါင်း ၁၅၀၀၀ ကို လျှော့ချရန် စီစဉ်နေကြောင်း လွန်ခဲ့သည့်သီတင်းပတ်က ပြောကြားခဲ့သည်။ လုပ်သားအင်အား၏ ၁၁ ရာခိုင်နှုန်းလျှော့ချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ




MTU ကုမ္ပဏီမှဝန်ထမ်းများ လုပ်ငန်းခွင်ဝင်နေကြစဉ်။

# အလုပ်လျှောက်ထားမှုအတွက် ကုန်ကျစရိတ်သက်သာ၍ အွန်လိုင်းမှာအလုပ်လျှောက်ထားမှုကို ကျောင်းသားများမျက်စိကျ

**တိုကျို ဇူလိုင် ၆**


ဂျပန်နိုင်ငံရှိ ကျောင်းသားများမှာ မတ်လနှင့်မေလအတွင်း အလုပ်အကိုင် ရှာဖွေရေးလှုပ်ရှားမှုများတွင် ပါဝင်မှုကြောင့် ပျမ်းမျှအားဖြင့် ဂျပန်ယန်း ၂၉၀၀၀ သုံးစွဲပြီး ယင်းပမာဏမှာ လွန်ခဲ့သည့်နှစ်က ပမာဏ၏ သုံးပုံတစ်ပုံသာရှိကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကာလအတွင်း အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင် ရှာဖွေမှုများပြုလုပ်ကြသဖြင့် အလုပ်ရှာဖွေရေးအတွက် သွားလာခနှင့် နေထိုင်စရိတ်များ ကုန်ကျမှုသက်သာသည့်အတွက် ကုန်ကျမှုပမာဏ လျော့ကျသွားခြင်း ဖြစ်ကြောင်း လေ့လာမှုများက ပြသလျက်ရှိသည်။ လူသစ်စုဆောင်းရေး ဝန်ဆောင်မှုကုမ္ပဏီ မိုင်နာဗီကော်ပိုရေးရှင်း၏ လုပ်ဆောင်မှုအရ မေလအတွင်း အလုပ်အင်တာဗျူး ၉၄ ဒသမ ၇ ရာခိုင်နှုန်းမှာ အွန်လိုင်းပေါ်မှတစ်ဆင့်သာလုပ်ကိုင်ခဲ့ရကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် အရေးပေါ်အခြေအနေ ထုတ်ထားစဉ်ကာလအတွင်းနှင့် နေအိမ်၌သာ နေရန် အမိန့်ထုတ်ထားစဉ်အတွင်း အွန်လိုင်းမှတစ်ဆင့်သာ အလုပ်အင်တာဗျူးများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဘွဲ့မရသေးသည့် ကျောင်းသားများနှင့် ဘွဲ့ရရှိပြီး ကျောင်းသားပေါင်း ၂၂၀၂ ဦး မိုင်နာဗီကော်ပိုရေးရှင်း၏ စစ်တမ်းကောက်ယူမှုကို အွန်လိုင်းမှ ဖြေကြားခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့သည် သုံးလတာကာလအတွင်း အလုပ်ရှာဖွေမှုအတွက် ယန်း ၂၈၉၃၀ သုံးစွဲကြပြီး ယခင်နှစ်ကမူ ယန်း ၈၉၄၁၅ သုံးစွဲခဲ့ကြသည်။ အလုပ်အကိုင် ရှာဖွေရေးအတွက် ခရီးသွားလာမှုနှင့် နေထိုင်စရိတ်တို့မှာ ယန်း ၅၀၀၀၀ ကုန်ကျခဲ့သည်။ ဧပြီလမှမေလအတွင်း နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာထားစဉ်အတွင်း လူများအပြင်ထွက်ခြင်းကိုရှောင်ကြဉ်ကြရန် သတိပေးထားပြီး အရေးမကြီးသည့် လုပ်ငန်းများကို ယာယီပိတ်ထားရန် အကြံပြုထားခဲ့သည်။ ကျောင်းသားများနှင့် အလုပ်သမား စုဆောင်းသူများသည် အွန်လိုင်းအင်တာဗျူး၏ အကျိုးကျေးဇူးကို သိရှိကြပြီးဖြစ်သည့်အတွက်တစ်စုံတစ်ခုသော အတိုင်းအတာအထိ ယင်းလှုပ်ရှားမှုကို ဆက်လက် လုပ်ဆောင်သွားမည်ဟု မိုင်နာဗီမှ အရာရှိတစ်ဦးက ပြောသည်။

ကျိုဒို



မစ်ဆူရှီဆူမီတိုမို အာမခံကုမ္ပဏီက ကျောင်းသား ကျောင်းသူများကို အွန်လိုင်းမှအင်တာဗျူးနေစဉ်။

# အမေရိကန်ရှိ ကိုဗစ် - ၁၉ ကူးစက်မှုများတွင် ၉၉ ရာခိုင်နှုန်းမှာ စိုးရိမ်စရာ မရှိဟူသော ထရမ့်၏စကားကို FDA မှ မထောက်ခံ

**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု (FDA) မှ ကော်မရှင်နာ စတီဖင်ဟန်က အမေရိကန်ရှိ ကိုဗစ်-၁၉ ကူးစက်မှုများတွင် ၉၉ ရာခိုင်နှုန်းမှာ စိုးရိမ်ဖွယ်ရာမရှိဟူသော သမ္မတ ဒေါ်နယ်ထရမ့်၏ ပြောကြားချက်ကို မထောက်ခံ ခဲ့ပေ။

**သတိပြုနေထိုင်ခွင့်**

စီအင်န်အင်န်သတင်းထောက်က ထရမ့်၏ ပြောကြားချက်နှင့် ပတ်သက်ပြီး စတီဖင်ဟန်ကိုမေးမြန်းခဲ့ရာ ၎င်းကပြန်လည်ဖြေကြားခဲ့ခြင်း မရှိခဲ့ပေ။ အဆိုပါ မေးခွန်းကိုဖြေကြားရမည့်အစား အိမ်ဖြူတော်လုပ်ငန်းတာဝန်အဖွဲ့၏ အချက်အလက်များအရ ကိုဗစ်-၁၉ ကိစ္စမှာ အလွန်ဆိုးရွားသည့် ပြဿနာဖြစ်နေကြောင်း၊ ပြည်သူများ သတိပြုကာ နေထိုင်သင့်ကြောင်းသာ ပြောကြားခဲ့သည်။

**ကူးစက်မှုမြင့်တက်**

အရီဇိုနား၊ ကယ်လီဖိုးနီးယား၊ တက္ကဆက်နှင့် ဖလော်ရီဒါပြည်နယ်တို့အပါအဝင် အမေရိကန်ရှိ ပြည်နယ်ပေါင်း ၃၀ ကျော်တို့တွင် မကြာသေးမီသီတင်းပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်နေခဲ့သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၉ သန်းနီးပါးရှိပြီး သေဆုံးသူအရေအတွက်မှာ ၁၃၀၀၀၀ နီးပါးရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# မလေးရှားနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၆**

မလေးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ငါးဦးထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံတစ်ဝန်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၆၆၈ ဦးအထိ ရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်၆ ရက်တွင် ပြောကြားခဲ့သည်။

ကူးစက်ခံရသူ ငါးဦးအနက် သုံးဦးမှာ ပြည်ပမှ ကူးစက်လာသူများဖြစ်ပြီး နှစ်ဦးမှာ ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟာရှီမင် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နောက်ထပ် ၁၁ ဦးရောဂါပျောက်ကင်းသွားပြီဖြစ်သည့်အတွက် ဆေးရုံမှ ဆင်းသွားသူအရေအတွက်မှာ ၈၄၇၆ ဦးရှိပြီး ၉၇ ဒသမ ၈ ရာခိုင်နှုန်း ပြန်လည်ကောင်းမွန်ကြောင်း သိရသည်။ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၁၂၁ ဦးရှိပြီး ရောဂါမပျောက်ကင်းသေးသည့်လူ ၇၁ ဦးကျန်ရှိနေသေးသည်။ အဆိုပါ ၇၁ ဦးတွင် နှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ ဘေ့စ်ဘောနှင့် ဘောလုံးပြိုင်ပွဲများတွင် ပရိသတ်များ ကွင်းအတွင်း အားပေးခွင့်ရတော့မည်

**တိုကျို ဇူလိုင် ၆**

ဂျပန်နိုင်ငံ ဘေ့စ်ဘောနှင့် ဘောလုံးအသင်းမှာ လာမည့် ဇူလိုင် ၁၀ ရက်မှ စတင်၍ ကွင်းအတွင်းသို့ ပရိသတ်များ လာရောက် အားပေးခွင့်ရရန် စီစဉ်ထားကြောင်း သိရသည်။

ကိုဗစ် -၁၉ ကူးစက်မှုများ ဆက်လက်မြင့်တက်နေသော်လည်း ပရိသတ်များ ကွင်းအတွင်းသို့ ဝင်ရောက်အားပေးခွင့် ပြန်လည်ရရှိတော့မည်ဟု သိရသည်။



တိုကျိုမြို့ရှိ တိုကျိုဒိုမ် အားကစားကွင်းကို တွေ့ရစဉ်။

အားကစားအသင်းကြီးနှစ်ခုမှ တာဝန်ရှိသူများက ဇူလိုင် ၆ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲ၌ ကူးစက်ရောဂါ ကျွမ်းကျင်သူများလည်းပါဝင်ကြောင်း သိရသည်။

၂၀၂၀ ဘေ့စ်ဘော ဘောလုံးရာသီကို ဇွန်လမှ စတင်ခဲ့ပြီး ဘောလုံးအားကစားပြိုင်ပွဲများသည်လည်း ဇူလိုင်လတွင် ပြန်လည်စတင်ခဲ့ကြသည်။ သို့သော်လည်း ကိုဗစ်- ၁၉ ကူးစက်ခံရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပရိသတ်များ ကွင်းအတွင်းသို့လာရောက်ကာ အားပေးခွင့်မပြုခဲ့ပေ။ မကြာသေးမီအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ပြန်လည်မြင့်တက်နေသော်လည်း ပရိသတ်များအား ကွင်းအတွင်း ပြန်လည်အားပေးခွင့်ပြုခဲ့သည်။

တိုကျိုတွင် နေ့စဉ်ကူးစက်မှု ၁၀၀ ကျော်ရှိနေသည်မှာ လေးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ နီပွန် ပရော်ဖက်ရှင်နယ် ဘေ့စ်ဘောအသင်းနှင့် ဂျေလိဂ် ဘောလုံးကလပ်တို့သည် ပွဲကြည့်ပရိသတ်များ လာရောက်ခွင့်ပြုမည့် အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်နေကြသည်။ လာရောက်ကြည့်ရှုမည့် ပွဲကြည့်ပရိသတ်အရေအတွက်ကို ကန့်သတ်သွားမည်ဖြစ်ပြီး တစ်ဝက်ခန့်သာ ဝင်ရောက်ခွင့်ပြုမည်ဟုလည်း သိရသည်။

အင်န်အိတ်ချ်ကေ

**နိုင်ငံတကာ သတင်းတိုထွာ**

## အရေးပေါ်အခြေအနေ ကြေညာရန် မလိုသေးဟု အာဘေးပြောကြား

**တိုကျို ဇူလိုင် ၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကိုဗစ် -၁၉ ကူးစက်မှုတွေ တိုးလာနေသော်လည်း အရေးပေါ်အခြေအနေ ထပ်မံကြေညာရန် မလိုသေးကြောင်း ပြောကြားလိုက်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တုံ့ပြန်ကိုင်တွယ်ရေးကို တာဝန်ယူထားသည့် စီးပွားရေး ပြန်လည်တိုးတက်ရေးဆိုင်ရာ ဝန်ကြီး နီရှီမူရာယာစုတိုရှီနှင့် ကျန်းမာရေးဝန်ကြီး ခါ့တိုခတ်ဆုနိုဘု တို့သည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခဲ့ကြသည်။

တိုကျိုမြို့တွင် သုံးရက်ဆက်တိုက် ကူးစက်ခံရသူ ၁၀၀ ကျော် အတည်ပြုခဲ့သည့် တိုကျိုမြို့အပါအဝင် နိုင်ငံတစ်ဝန်းက အခြေအနေများနှင့် ပတ်သက်ပြီး ဝန်ကြီးနှစ်ဦးက မစ္စတာအာဘေးကို ရှင်းလင်းတင်ပြခဲ့သည်။ လတ်တလောတွင် အရေးပေါ်အခြေအနေကို ထပ်မံကြေညာရန် မလိုသော်လည်း လက်ရှိအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တရုတ် - ဥရောပ ကုန်တင်ရထားလမ်း ဝန်ဆောင်မှု တိုးတက်စေရန် တရုတ်ယွမ်သန်း ၂၀၀ ရင်းနှီးမြှုပ်နှံမည်

**ပေကျင်း ဇူလိုင် ၆**

တရုတ်-ဥရောပ ကုန်တင်ရထားလမ်း ဝန်ဆောင်မှု တိုးတက်စေရန်အတွက် မြို့ငါးမြို့တွင် သယ်ယူပို့ဆောင်ရေး အချက်အချာ နေရာများ တည်ဆောက်ရေး ထောက်ပံ့ပေးနိုင်ရန်အတွက် ဗဟိုရန်ပုံငွေမှ ယွမ်သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃ သန်း)ကို ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားလိုက်သည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ ထုတ်ပြန်ချက်အရ ကုန်တင်ရထား ဝန်ဆောင်မှု၏ သယ်ယူပို့ဆောင်ရေး ကွန်ရက်ပိုမို ထိရောက်စေရေး ကြိုးပမ်းမှုအနေဖြင့် ကျိန့်ကျိုး၊ ချုံချင့်၊ ချန်တူး၊ ရှီးအန်းနှင့် ဝူးလုမုချီ မြို့တို့တွင် စံနမူနာပြစီမံကိန်းများ တည်ဆောက်ရာတွင် ထောက်ပံ့ပေးရန် ယင်းရန်ပုံငွေများကို အသုံးပြုမည်ဖြစ်သည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းတည်ဆောက်မှုအတွက် ခိုင်မာသည့် ထောက်ပံ့မှုကို ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ်- ၁၉ ကြောင့် ဆေးရုံတွေ ဝန်ပိနေသလို ကူးစက်မှုတွေပါ စံချိန်တင်ခဲ့

*ထွန်းသစ်စ*

**ကိုဗစ် – ၁၉ တစ်ဟုန်ထိုး မြင့်တက်လာတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်– ၁၉ အဆိုးဆုံးဖြစ်ပွားရာနေရာမှာရှိတဲ့ ဆေးရုံတွေဟာ ပြိုလဲလုနီးနီးအခြေအနေတွေ၊ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်လို့ အဲဒီနေရာမှာရှိတဲ့အရာရှိတွေက သတိပေးလိုက်မှုနဲ့အတူ အိန္ဒိယနိုင်ငံမှာလည်း ကိုဗစ်– ၁၉ ထပ်မံဖြစ်ပွားမှုဟာ စံချိန်တင်မြင့်တက်လာခဲ့ပါတယ်။**

### တုံ့ပြန်ဖို့ ကြိုးစားရုန်းကန်

အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ် –၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ အကြီးအကျယ် ထိခိုက်ပျက်စီးမှုတွေကို တုံ့ပြန်ဖို့ ကြိုးစားရုန်းကန်နေရင်း တစ်ဖက်မှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂ ဒသမ ၈ သန်းရှိတဲ့အနက် သေဆုံးသူ အရေအတွက်ဟာ ၁၃၀၀၀၀ ကျော်လွန်လာခဲ့ပါတယ်။ ကန့်သတ်ပိတ်ဆို့မှုတွေ ဖြေလျှော့ပေးလိုက်ပြီးတဲ့နောက်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အတော်များများ ကိုဗစ်–၁၉ကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ရဲ့နေရာအတော်များများမှာရှိတဲ့ ဆေးရုံခုတင်တွေလည်း ပြည့်လျှံနေသလို အိမ်တွင်းအောင်းနေထိုင်ရန် အမိန့်ထုတ်ပြန်မှုတွေလည်း ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ အမေရိကန်ကို အတော်လေး ဖရိုဖရဲဖြစ်အောင် ပြုလုပ်ခဲ့တဲ့ ကိုဗစ် – ၁၉ ရောဂါကို အရေးမကြီးတဲ့ပုံစံ ဘေးချိတ်ရန် ကြိုးစားခဲ့တာကြောင့် တချို့ မြို့တော်ဝန်တွေကလည်း သူတို့ရဲ့ မြို့တွေကို စောစောစီးစီးပဲ ပြန်လည်ဖွင့်လှစ်ခဲ့ကြပါတယ်။

### စံချိန်တင်မြင့်တက်

တစ်ချိန်တည်းမှာပဲ အိန္ဒိယနိုင်ငံဟာ နိုင်ငံတစ်ဝန်းမှာ နေ့စဉ် ကိုဗစ် – ၁၉ ထပ်မံဖြစ်ပွားမှု စံချိန်တင် မြင့်တက်လာခဲ့တာကြောင့် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဆေးဘက်ဆိုင်ရာ ပံ့ပိုးမှုတွေလည်း မျှတခြင်းမရှိခဲ့သလို ကိုဗစ်– ၁၉ ကူးစက်မှုအများစုဟာလည်း ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံရတာ ဖြစ်ပါတယ်။

သို့သော်လည်း တချို့ကမ္ဘာ့နိုင်ငံတွေမှာတော့ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်တဲ့ တိုးတက်မှုလက္ခဏာတွေ အနေနဲ့ ဖော်မြူလာဝမ်းကားပြိုင်ပွဲကို ဇူလိုင် ၅ ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့သလို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကမ္ဘာ့နာမည်ကျော် လူဗာပြတိုက်ကြီးကိုလည်း သီတင်းပတ် ၁၆ ပတ်ကြာ ကိုဗစ်–၁၉ ကြောင့် ပိတ်ထားရာမှ တနင်္လာနေ့မှာ ပြည်သူသို့ ပြန်လည်ဖွင့်လှစ်ပြသသွားတော့မှာပဲ ဖြစ်ပါတယ်။

### ဗိုင်းရပ်စ်ကြောင့် လူသိန်းချီသေ

လွန်ခဲ့တဲ့နှစ်နှောင်းပိုင်းက တရုတ်နိုင်ငံမှာ စတင်တွေ့ရှိခဲ့တဲ့ ဒီ ကိုဗစ် – ၁၉ ဟာ အခုဆိုရင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူပေါင်း ၅၃၁၇၈၉ ဦးကို သေစေခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံနဲ့ နယ်မြေဒေသပေါင်း ၁၉၆ ခုမှာ ကိုဗစ် –၁၉ ကူးစက်ခံထားရသူအရေအတွက်ဟာ ၁၁ သန်းကျော် ရှိလာပြီ ဖြစ်ပါတယ်။ ကမ္ဘာမှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဘရာဇီးနိုင်ငံဟာ ကိုဗစ် –၁၉ ရိုက်ခတ်မှုကို အများဆုံး ခံစားခဲ့ရတဲ့ နိုင်ငံဖြစ်ပြီး ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၆၄၂၆၅ ဦး ရှိခဲ့ပါတယ်။

ယင်းနောက်မှာတော့ ဗြိတိန်၊ အီတလီနဲ့ မက္ကဆီကိုနိုင်ငံတို့လည်း ကိုဗစ် – ၁၉ ဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရပါတယ်။

### ကောင်းကောင်းမပျော်နိုင်ခဲ့ဘူး

အမေရိကန်ပြည်ထောင်စုမှာ နယူးယောက်ဟာ ကိုဗစ် –၁၉ အဆိုးရွားဆုံး စတင်ဖြစ်ပွားခဲ့ပါတယ်။ အခုအခါမှာတော့ အမေရိကန်တောင်ပိုင်းနဲ့ အနောက်ပိုင်းတစ်ခွင်မှာ ကိုဗစ် –၁၉ ကြောင့် တန်ဖိုးကြီးကြီး ပေးဆပ်နေရတဲ့အတွက် ဇူလိုင် ၄ ရက်နေ့ အားလပ်ရက်ကို အမေရိကန်တွေ ကောင်းကောင်း မပျော်နိုင်ခဲ့ပါဘူး။



စပိန်နိုင်ငံ ဂီရိုနာမြို့အနီး ပလာဂျာဒါရိုရှိ ကမ်းခြေတွင် အပန်းဖြေအနားယူနေသူများကို တွေ့ရစဉ်။

တက္ကဆက်ပြည်နယ် ဟူစတန်မြို့ ဟားရစ်ကောင်တီမှာရှိတဲ့ ဆေးရုံတွေနဲ့ တခြား ၃၃ မြို့မှာရှိတဲ့ ဆေးရုံတွေဟာ ရတ်တရက် တာဝန်ယူနိုင်တဲ့အရေအတွက်ထက်ကို အများကြီးကျော်လွန်ခဲ့ပါတယ်။ ဒါကြောင့်မို့ သူတို့တွေရဲ့ လူနာခုတင်တွေလည်း မအားလပ်အောင် အလုပ်ရှုပ်ခဲ့ရပါတယ်လို့ ဟားရစ်ကောင်တီ အုပ်ချုပ်ရေးမှူး လီနာက ပြောပါတယ်။

စားသောက်ဆိုင်တွေကိုတော့ ဆက်လက်ဖွင့်လှစ်ထားပါတယ်။ မိုးလုံလေလုံပွဲတွေကိုလည်း ကျင်းပလို့ ရပါတယ်လို့ လီနာက အေဘီစီ ရုပ်မြင်သံကြားကို ပြောပါတယ်။ အခုလတ်တလောမှာ မိမိတို့ဟာ အိမ်တွင်းမှာပဲ နေထိုင်ရမယ်ဆိုတဲ့ အမိန့်ကို နားထောင်ဖို့ လိုပါတယ်လို့ သူကပြောပါတယ်။

### အိမ်တွင်းအောင်းနေရန် အမိန့်ကိုထုတ်ပြန်သင့်

တက္ကဆက်ပြည်နယ် အော်စတင်မြို့တော်ဝန် စတိဗ် အက်ဒလာက ကိုဗစ် – ၁၉ ရောဂါဟာ အလွန်လျင်မြန်စွာကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိတာကြောင့် ကျန်းမာရေးစနစ်တွေမှာ ဝန်ပိသွားမှာကို စိုးရိမ်မိတယ်လို့ ပြောပါတယ်။ ဖီးနစ်မြို့တော်ဝန် ကိတ်ဂယ်လီဂိုက အရီဇိုးနားကို ခပ်စောစော ပြန်ဖွင့်ခဲ့တယ်။ ဒါပေမယ့် အိမ်တွင်းအောင်းနေထိုင်ရန် အမိန့်ကို ထုတ်ပြန်သင့်တယ်လို့ သူကပြောပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုထဲမှာ ပါဝင်ခဲ့တဲ့ တကယ့်နာမည်ကြီး တတ်ဂျ်မဟာကိုလည်း ပြန်လည်ဖွင့်လှစ်ဦးမှာ မဟုတ်ဘဲ ဆက်လက်ပိတ်ထားဦးမှာ ဖြစ်ပါတယ်။ ဇူလိုင် ၅ ရက်က ကြေညာတဲ့အထဲမှာတော့ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံမှာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုပေါင်း ၂၅၀၀၀ ရှိခဲ့ပြီး ၆၁၃ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ အဲဒီပမာဏဟာ ကိုဗစ် –၁၉ ကို ဇန်နဝါရီလနှောင်းပိုင်း ပထမဆုံး စတင်တွေ့ရှိခဲ့ချိန်ကတည်းက တစ်နေ့တည်းကူးစက်မှုနှုန်း အမြင့်မားဆုံးပမာဏ ဖြစ်ခဲ့ပါတယ်။

> **“အိန္ဒိယနိုင်ငံရဲ့ ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုထဲမှာ ပါဝင်ခဲ့တဲ့ တကယ့်နာမည်ကြီး တက်ဂျ်မဟာကိုလည်း ပြန်လည်ဖွင့်လှစ်ဦးမှာ မဟုတ်ဘဲ ဆက်လက်ပိတ်ထားဦးမှာ ဖြစ်ပါတယ်။ ဇူလိုင် ၅ ရက်က ကြေညာတဲ့ အထဲမှာတော့ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံမှာ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုပေါင်း ၂၅၀၀၀ ရှိခဲ့ပြီး ၆၁၃ ဦး သေဆုံးခဲ့တယ်လို့ သိရ”**

### ကူးစက်မှုတွေဖြစ်ပွား

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီမှာလည်း ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေဟာ လူနာတွေကို အဆင်ပြေတဲ့ နေရာတွေမှာ အဆင်ပြေသလို ပြုစုပေးနေကြပါတယ်။ ဝေဖန်သူတွေကတော့ အိန္ဒိယနိုင်ငံဟာ ကိုဗစ် –၁၉ စမ်းသပ်စစ်ဆေးမှု အနည်းငယ်သာ လုပ်ကြောင်းနဲ့ တကယ့်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေတဲ့ ပမာဏကို မသိရကြောင်း ပြောဆိုနေကြပါတယ်။

နယူးဇီလန်နိုင်ငံရဲ့ အရှေ့ပိုင်း ကိတ်ပြည်နယ်မှာ ကိုဗစ် –၁၉ ကူးစက်မှု မြင့်တက်လာပြီးနောက် တောင်အာဖရိကမှာလည်း စစ်ဘက်ဆိုင်ရာ ဆေးတပ်သားတွေကို ဖြန့်ကြက်ထားပါတယ်။ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ဖို့ မတ်လနှောင်းပိုင်းက တောင်အာဖရိကမှာလည်း အိမ်တွင်းအောင်းသာ နေထိုင်ရမယ့် တင်းကျပ်တဲ့ စည်းကမ်းတွေကို အိန္ဒိယနိုင်ငံလို ချမှတ်ခဲ့ပါတယ်။ သို့သော်လည်း ကန့်သတ်ပိတ်ဆို့မှုတွေကို တဖြည်းဖြည်းချင်း ဖယ်ရှားလိုက်တဲ့အခါမှာတော့ ကူးစက်မှုအရေအတွက်ဟာ မြင့်တက်လာခဲ့ပါတယ်။

အီရန်နိုင်ငံမှာလည်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၆၃ ဦး ရှိခဲ့ပါတယ်။ အဲဒီပမာဏဟာ နိုင်ငံမှာ တစ်နေ့တည်း ကိုဗစ်–၁၉ ကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ မော်ရိုကိုမှာလည်း ငါးသေတ္တာ ထုတ်လုပ်တဲ့စက်ရုံတစ်ရုံမှာ ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားမှုကို တွေ့ရှိခဲ့တဲ့အတွက် အဲဒီဒေသမှာ နေထိုင်သူ ၃၀၀၀၀၀ ကို ကန့်သတ်ပိတ်ဆို့ခဲ့ပါတယ်။

အင်္ဂလန်နိုင်ငံမှာလည်း အရက်ဘားတွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုနေပါပြီ။ စပိန်နိုင်ငံမှာလည်း ကိုဗစ်–၁၉ ဖြစ်ပွားမှု သီးခြားနှစ်ခု တွေ့ရှိခဲ့တဲ့အတွက် အရှေ့မြောက်ပိုင်း ကက်တလိုနီးယားဒေသမှာရှိတဲ့ လူပေါင်း၂၀၀၀၀၀ နဲ့ အနောက်မြောက်ပိုင်း ဂါလီစီယာဒေသမှာတွေ့တဲ့လူပေါင်း ၇၀၀၀၀ ကို ကန့်သတ်ပိတ်ဆို့လိုက်ပါတယ်။

လက်ဘနွန်မှာလည်း တေးသံစုံတီးဝိုင်းတစ်ခုကို ပွဲကြည့်သူမရှိဘဲ ဖျော်ဖြေခဲ့သလို လတ်ဗီးယားကို ဦးတည်လာတဲ့ နေတိုးတာဝန်ထမ်းဆောင်မယ့် ကနေဒါစစ်ဘက်ဆိုင်ရာ လေယာဉ်ကိုလည်း လာရာလမ်းအတိုင်း ပြန်လှည့်စေခဲ့ပါတယ်။ ဒီအခြေအနေတွေက ကမ္ဘာတစ်လွှားမှာ ကိုဗစ်–၁၉ ကို အထူးသတိထား ရင်ဆိုင်နေကြတယ်ဆိုတာကို ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။

ဘယ်အချိန်အဆုံးသတ်မလဲမသိတဲ့ ကိုဗစ်ဟာ ကြောက်စရာအလွန်ကောင်းသလို သူ့ကြောင့်အဘက်ဘက်မှာ ယိုယွင်းပျက်စီးလာခဲ့ပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**

## ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာဆောင်ရွက်နိုင်မယ်ဆိုပါက နောက် (၁)လ၊ (၂) လလောက်အတွင်းမှာ

## ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်



Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် (၂)ပတ် တစ်ကြိမ်အခြေအနေတွေကို သုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါတယ်။ ယခုလကုန်မှာ မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါတယ်။ ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မယ်ဆိုပါက နောက်(၁)လ၊ (၂)လ လောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ရောဂါလက္ခဏာ လုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့ လိုပါတယ်။ ဈေးများလို အခြားသူများနဲ့ အချိန် ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါတယ်။ လက်ကို ခဏခဏ ဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)**

## တရုတ်နိုင်ငံ နယ်စပ်ဂိတ်များတွင် ကုန်တင်ယာဉ် ဝင်/ထွက်စနစ် ပြုပြင်ပြောင်းလဲပေးခြင်းမရှိသေးသည့်အတွက် ကုန်သွယ်မှု ပုံမှန်မဖြစ်သေး

**မူဆယ် ဇူလိုင် ၆**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး နယ်စပ်ဂိတ်များတွင် ကုန်တင်ယာဉ်ဝင်ထွက်သွားလာခြင်းစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ကာ ယနေ့အချိန်ထိ ပြန်လည်ပြင်ဆင်ပေးခြင်းမရှိသေးသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်မဖြစ်သေးကြောင်း သိရသည်။

မြန်မာဘက်မှ တရုတ်ဘက်သို့ နှစ်စဉ်တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများမှာ ကျွဲ၊ နွား၊ သဘာဝဓာတ်ငွေ့၊ ဆန်၊ ဆန်ကွဲနှင့် ပဲအမျိုးမျိုး၊ နှမ်းအမျိုးမျိုး၊ ရော်ဘာ၊ ကြက်သွန်နီ၊ နနွင်း၊ လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ကျောက်မျက်ချော၊ ဖရဲသီး၊ သရက်သီး စသည့်ကုန်ပစ္စည်းများ တရုတ်ဘက်သို့ တင်ပို့လျက်ရှိကြောင်းနှင့် တရုတ်ဘက်မှ မြန်မာဘက်သို့ သွင်းကုန်အဖြစ် မြေဆီ၊ အိမ်ဆောက်ပစ္စည်း၊ သံထည်ပစ္စည်းနှင့် ကော်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးသုံးပစ္စည်းအမျိုးမျိုး၊ ယာဉ်ယန္တရား၊ စက်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်၊ ကလေး ကစားစရာအရုပ်များနှင့် ကုန်ခြောက်ပစ္စည်းများ၊ တရုတ်နိုင်ငံ ဒေသအသီးသီးမှထွက်ရှိသော ပန်းသီး၊ လိမ္မော်သီးနှင့် အခြားသီးနှံအမျိုးမျိုး စသည့်ကုန်ပစ္စည်းများ မြန်မာဘက်သို့ တင်သွင်းလျက်ရှိကာ ယခုနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးသုံးအထောက်အကူပြုပစ္စည်းပါ တင်သွင်းလျက်ရှိကြောင်း သိရသည်။



နယ်စပ်ဂိတ်တွင် ကုန်တင်ယာဉ်များ ဝင်/ထွက် သွားလာနေမှုကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်အချိန်မှစ၍ တရုတ်နိုင်ငံဘက်မှ နယ်စပ်ဂိတ်များကို တင်းကျပ်စွာ လုပ်ကိုင်ဆောင်ရွက်နေသည့်အတွက် နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များ ဝင်/ထွက် သွားလာရေး အခက်အခဲဖြစ်ပြီး မူဆယ်နှင့် ၁၀၅ မိုင်၊ ကျင်စန်းကျော့လမ်းပိုင်းများတွင် မြန်မာဘက်မှ ပို့ကုန်ယာဉ်များ အစီးရေ ၆၀၀ ထက်မနည်း နေ့စဉ် ရက်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်။

အလားတူ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း၊ နှင်းနှင်းခိုင်ကုမ္ပဏီ ကားကွင်းအတွင်း ကုန်တင်ယာဉ်များစုပြုံလျက်ရှိကာ ၁၀၅ မိုင် အိုရီယမ်တယ် ဟိုက်ဝေးအနီးနှင့် ကောင်းဝှက်ကျေးရွာ၊ မော်တောင်းကျေးရွာနှင့် မန္တလေး – လားရှိုး – မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်လည်း ကုန်တင်ယာဉ်များ အစီးရေထောင်နဲ့ချီပြီး ရက်ရှည်စောင့်ဆိုင်းနေရသည်။

ပို့ကုန်ယာဉ်များ ရက်ရှည်စောင့်ဆိုင်းနေရသည့်အတွက် ယာဉ်မောင်းများအနေဖြင့် အခက်အခဲမျိုးစုံရင်ဆိုင်နေရသလို ကုန်သည်၊ တောင်သူ၊ စီးပွားရေးလုပ်ငန်းရှင်များလည်း ထိခိုက်ဆုံးရှုံးမှုများ ရှိနေသည်။

လက်ရှိအနေအထားအရ ကုန်သွယ်ရေးဇုန်တွင် ပို့ကုန်ယာဉ်အဝင်နည်းပြီး သွင်းကုန်ယာဉ်အဝင်များနေကြောင်း သိရသည်။

ယခင်က ကိုဗစ်-၁၉ ရောဂါမဖြစ်ခင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ပို့ကုန်/သွင်းကုန် နှစ်ခုပေါင်း တစ်ရက်လျှင် အစီးရေ ၁၀၀၀ ကျော် ဝင်ရောက်မှုရှိပြီး ယခုနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များ အဝင်အထွက် သိသာစွာ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

ကုန်တင်ယာဉ်များ အဝင်အထွက်လျော့နည်းသွားသည့်အတွက် နှစ်နိုင်ငံ ကုန်သွယ်မှုကို လျော့နည်းကျဆင်းသွားသလို ကုန်သွယ်ရေးဇုန်ကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေရသည့် ကုန်တင်ကုန်ချ လုပ်သားများအနေဖြင့် လုပ်အားခများ လျော့နည်းသွားခဲ့သောကြောင့် မိသားစုဝင်များလည်း အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါကုန်သွယ်ရေးဇုန်ထဲတွင် လုပ်ကိုင်လျက်ရှိသော ကုန်တင်ကုန်ချလုပ်သားများ၏ လုပ်အားခများမှာ ယခင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် တစ်ရက်လျှင် ငွေကျပ် ၁၅၀၀၀ ကျော်ဝန်းကျင်ထိ ရရှိခဲ့ပြီး ယခုနောက်ပိုင်း တစ်ရက်လျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်သာ ရရှိသည့်အတွက် အိမ်လခ၊ ရေဖိုး၊ မီးဖိုး၊ ပညာရေး၊ ကျန်းမာရေးအတွက် အလွန်အခက်အခဲဖြစ်နေ ကြောင်း ကုန်တင်ကုန်ချ မိသားစု အသိုင်းအဝိုင်းက သိရသည်။

လက်ရှိအနေအထားအရ မြန်မာဘက်မှ ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုးနှင့် သရက်သီးအနည်းငယ် စသည့်ကုန်ပစ္စည်းများသာ တရုတ်ဘက်သို့ အများဆုံးတင်ပို့နေပြီး တရုတ်နိုင်ငံဘက်မှ ယာဉ်ယန္တရား၊ မိုလ်ဘိုင်းဖုန်း၊ ဟန်းစက်နှင့် မြေဆီများကိုသာ မြန်မာဘက်သို့ အများဆုံးတင်ပို့ကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ဇွန် ၂၆ ရက်က ပို့ကုန်ယာဉ်အကြီး ၁၆၀၊ ယာဉ်ငယ် သုံးစီး၊ ဒေသသုံးယာဉ် ရှစ်စီး စုစုပေါင်း ၁၇၁ စီး၊ သရက်သီးကား ၁၈ စီး ဝင်ရောက်ခဲ့ပြီး သွင်းကုန်အနေနှင့် ယာဉ်ကြီး ၂၂၇ စီး၊ ယာဉ်ငယ် ခုနစ်စီး၊ ဒေသသုံးယာဉ် ၁၇ စီး ပေါင်း ၂၅၁ စီးနှင့် ဇွန် ၂၆ ရက်တွင် ပို့ကုန် သွင်းကုန် စုစုပေါင်း ၄၂၂ စီး ဝင်ရောက်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**သန့်ဇင် (မူဆယ်)**

❑ *ရှေ့ဖုံးမှ*

၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၇ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက် တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၅၇ ဦး၊ ဇွန် ၂၁ ရက်တွင် ၆၄၂ ဦး၊ ဇွန် ၂၂ ရက် တွင် ၈၄၈ ဦး၊ ဇွန် ၂၃ ရက်တွင် ၅၂၇ ဦး၊ ဇွန် ၂၄ ရက်တွင် ၅၉၇ ဦး၊ ဇွန် ၂၅ ရက် တွင် ၃၉၈ ဦး၊ ဇွန် ၂၆ ရက်တွင် ၅၅၅ ဦး၊ ဇွန် ၂၇ ရက်တွင် ၆၃၄ ဦး၊ ဇွန် ၂၈ ရက်တွင် ၃၆၆ ဦး၊ ဇွန် ၂၉ ရက်တွင် ၆၀၈ ဦး၊ ဇွန် ၃၀ ရက်တွင် ၄၆၅ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက် တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ယနေ့ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး စုစုပေါင်း ၄၂၂၃၀ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၉၀၊ အမျိုးသမီး ၄၅၂ ဦး စုစုပေါင်း ၁၁၄၂ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

**(ပြန်/ဆက်)**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၅-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၂၀)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၅-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၃၁၃) ဦးရှိပါသည်။

၃။ (၅-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၆၉၆) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၀) ခု နှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၂) ခု

စုစုပေါင်း (၉၅၈)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၅-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၆၅၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၆၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၁,၃၂၆)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃)ဦး တွေ့ရှိရပါသည်။

၂။ (၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၁၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case-255, 259, 262, 292) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၄၅) ဦးရှိပြီး ၎င်းတို့အနက် (၂၂၈) ဦး အား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၆-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၄) ခု |
| (၆-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| (၆-၇-၂၀၂၀) ရက်နေ့တွင် အမှတ် (၁)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၂)ခု |
| (၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၅-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၆-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာ အသစ် (၂၉) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၃၁၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၄၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၆-၇-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | အမြဲတမ်းနေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 314 | ၃၇ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 315 | ၃၉ နှစ် | ကျား | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 316 | ၂၉ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |

## ကျောက်မဲမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ အိမ်တိုင်ရာရောက် ပေးအပ်



ကျောက်မဲ ဇူလိုင် ၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်သည့်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်ကထောက်ပံ့သည့် အခြေခံစားသောက်ကုန်များကို အကြောင်းအမျိုးမျိုးကြောင့်မရရှိခဲ့သည့် အိမ်ထောင်စု ၁၈၇၆ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၈၁ သိန်း ၄ သောင်းကို တာဝန်ရှိသူများက ယမန်နေ့မှစ၍ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာအလိုက် အဖွဲ့များခွဲ၍ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၃၁၇၄ စုအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို ဧပြီလဆန်းပိုင်းတွင် တစ်ကြိမ် ထောက်ပံ့ပေးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ထောက်ပံ့သည့်အခြေခံစားသောက်ကုန် ငါးမျိုးကို မရရှိသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)

# ဇူလိုင် ၆ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ သုံးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၆ ဦး ရှိပြီ

**နေပြည်တော် ဇူလိုင် ၆**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၆ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ သုံးဦးမှာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ တစ်ဦး၊ တောင်ဒဂုံမြို့နယ်မှ တစ်ဦးနှင့် စမ်းချောင်းမြို့နယ်မှ တစ်ဦးဖြစ်ပြီး ၎င်းတို့ သုံးဦးစလုံး ယူအေအီးမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၁၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၄၅ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၂၈ ဦးနှင့် ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၄၄၇၃ | ၃၁၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၄၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၁၃၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၂၈ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၄၄ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၁၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၆-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၆-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၈၅၈၉၇ | ၁၂၈၉၈၃၆ | ၁၃၂၆၁၀ |
| ၂။ | ဘရာဇီး | ၁၆၀၄၅၈၅ | ၉၇၈၆၁၅ | ၆၄၉၀၀ |
| ၃။ | အိန္ဒိယ | ၇၀၄၆၀၇ | ၄၂၉၉၀၇ | ၁၉၇၈၂ |
| ၄။ | ရုရှား | ၆၈၇၈၆၂ | ၄၅၄၃၂၉ | ၁၀၂၉၆ |
| ၅။ | ပီရူး | ၃၀၂၇၁၈ | ၁၉၃၉၅၇ | ၁၀၅၈၉ |
| ၆။ | စပိန် | ၂၉၇၆၂၅ | စိစစ်ဆဲ | ၂၈၃၈၅ |
| ၇။ | ချီလီ | ၂၉၅၅၃၂ | ၂၆၁၀၃၂ | ၆၃၀၈ |
| ၈။ | ဗြိတိန် | ၂၈၅၄၁၆ | စိစစ်ဆဲ | ၄၄၂၂၀ |
| ၉။ | မက္ကဆီကို | ၂၅၆၈၄၈ | ၁၅၅၆၀၄ | ၃၀၆၃၉ |
| ၁၀။ | အီရန် | ၂၄၃၀၅၁ | ၂၀၄၀၈၃ | ၁၁၇၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆-၇-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၄၉၅၈ | ၂၉၉၁၉ | ၃၂၄၁ |
| စင်ကာပူ | ၄၄၃၃၃ | ၁၂၁၈၅ | ၁၃၀၃ |
| ဖိလစ်ပိုင် | ၄၄၉၈၃ | ၄၀၄၄၁ | ၂၆ |
| မလေးရှား | ၈၆၆၈ | ၈၄၇၆ | ၁၂၁ |
| ထိုင်း | ၃၁၉၅ | ၃၀၇၂ | ၅၈ |
| ဗီယက်နမ် | ၃၆၉ | ၃၄၁ | ၀ |
| မြန်မာ | ၃၁၆ | ၂၄၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ချီဖွေမြို့နယ် ဒေသခံပြည်သူများထံသို့ ကိုဗစ်-၁၉ ထောက်ပံ့ရေးရိက္ခာများ လှူဒါန်း

**ချီဖွေ ဇူလိုင် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်တွင် ကိုဗစ်–၁၉ ထောက်ပံ့ရေး ရိက္ခာများကို ယမန်နေ့ မွန်းလွဲပိုင်းက ဥက္ကပ်ရပ်ကွက် ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့လှူဒါန်းသည်။ **(အောက်ပုံ)**



ထိုသို့ ကိုဗစ်–၁၉ ထောက်ပံ့ရေး ရိက္ခာများ ပေးအပ်လှူဒါန်းရာတွင် ဒိုင်ဖိန်းလူမှုရေးလုပ်ငန်း (Dai Fin Social Services Organization) အဖွဲ့က ချီဖွေမြို့ ဥက္ကပ်ရပ်ကွက် အိမ်ထောင်စု ၂၀ ၊ ရစ်လောခေါင် ရပ်ကွက် အိမ်ထောင်စု ၂၅ စု ၊ ဘာလဲ့ဒမ် ရပ်ကွက် အိမ်ထောင်စု ၂၅ စု၊ စုစုပေါင်း အိမ်ထောင်စု ၇၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ဘီစကစ်မုန့် နှစ်ထုပ်၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှင့် ငါးသေတ္တာ ငါးဘူးတို့ကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ လှူဒါန်းပေးသည်။

အဆိုပါ ကိုဗစ်–၁၉ ထောက်ပံ့ရေး ရိက္ခာများဖြစ်သည့် ချီဖွေမြို့ပေါ် သုံးရပ်ကွက်အတွက် ဆန်အိတ် ၇၀ ၊ ဆီဘူး ၇၀ ၊ ပဲပိဿာ ၇၀ ၊ ဘီစကစ်မုန့် အထုပ် ၁၄၀၊ ခေါက်ဆွဲခြောက် အထုပ် ၇၀၀ ၊ ငါးသေတ္တာဘူး ၃၇၀ တို့ကို ကိုဗစ်–၁၉ ကာလအတွင်း စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့ လှူဒါန်းခြင်း ဖြစ်ကြောင်းနှင့် ဆက်လက်၍ ကျန်ရှိနေသည့် ရပ်ကွက်/ကျေးရွာ ဒေသခံပြည်သူများထံသို့ ထောက်ပံ့ရေးရိက္ခာများ ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မာဝင်း (ပြန်/ဆက်)**

## ကိုဗစ်–၁၉ ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်အဖြစ် လူငယ်အကျိုးပြု အွန်လိုင်းသင်တန်းများ အခမဲ့ ဖွင့်လှစ်မည်

**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီနှင့် ပလန်မြန်မာ အင်တာနေရှင်နယ်တို့ ပူးပေါင်း၍ ဇူလိုင်လအတွင်း ကိုဗစ်–၁၉ ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်အဖြစ် လူငယ်အကျိုးပြု အွန်လိုင်းသင်တန်းများ အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်လူငယ်ရေးရာကော်မတီထံမှ သိရသည်။

ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးချစ်မင်းက ညောင်ဦးခရိုင်အတွင်းရှိ လူငယ် ၇၇ ဦးကို ရွေးချယ်စိစစ်၍ ခရိုင်အဆင့် လူငယ်ကိုယ်စားလှယ် တစ်ဦးလျှင် ခုနစ်ဦးနှုန်းဖြင့် တာဝန်ယူကာ အွန်လိုင်း သင်တန်းအဖြစ် မျှဝေသွားမည် ဖြစ်သည်။ သင်တန်းတွင် ကလေးသူငယ်နှင့် လူငယ်များ ဘေးကင်း လုံခြုံရေးဆိုင်ရာ မူဝါဒ၊ အင်တာနက်ခြေရာခေါင်းစဉ်၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှု၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း စသည့် ခေါင်းစဉ်တို့ကို အဖွဲ့ဝင်များက အသီးသီး တာဝန်ယူကာ အသိပညာပေးမျှဝေပို့ချသွားမည်ဖြစ်ပြီး တက်ရောက်ခွင့်ရရှိသူ လူငယ်များအား ဖုန်းဘေလ် ကျပ်တစ်သောင်းငါးထောင် ၊ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေး အထောက်အကူပြုပစ္စည်းများနှင့် ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီ တံဆိပ်ပါ အင်္ကျီတစ်ထည် (ကျပ်ငါးထောင်တန်) တို့ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ လူငယ်များ မိမိတို့ကိုယ်တိုင် ပြဿနာများကို ဖြေရှင်းနိုင်စေရန်၊ မိမိတို့ပတ်ဝန်းကျင်သို့ မှန်ကန်သော သတင်းအချက်အလက်များကို ပြန်လည်မျှဝေပေးနိုင်ရန်၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့မှ အချင်းချင်း အပြန်အလှန် ကူညီစောင့်ရှောက်နိုင်စေရန်၊ အင်တာနက်အသုံးပြုရာတွင် ကောင်းကျိုးရရှိစေရန်နှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို နားလည်သိရှိစေရန်ဖြစ်သည်။

ထိုအွန်လိုင်းသင်တန်းသို့ တက်ရောက်လိုသူ၊ စိတ်ပါဝင်စားသူ လူငယ်များအနေဖြင့် သက်ဆိုင်ရာ တိုက်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များထံသို့ လည်းကောင်း၊ အတွင်းရေးမှူးထံသို့လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စာရင်းပေးသွင်းသူ လူငယ်များထဲမှ အရည်အချင်း ကိုက်ညီသူများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**

# တောင်သူလယ်သမားတွေအတွက် အသေးစားလယ်ယာစီးပွားလုပ်ငန်း ပံ့ပိုးပေးခြင်းလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မှာ ဖြစ်ပါတယ်

ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း

**ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် စိုက်ပျိုးမွေးမြူရေးအပါအဝင် ကုန်ထုတ်လုပ်ငန်းများ ရပ်တန့်ခဲ့ရသည်။ ထို့အတူ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တောင်သူများသည် ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသည်။**

ထို့ကြောင့် ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများကို ဖြေလျှော့ပြီး အားလုံးတစ်ပေါင်းတည်း ကျော်လွှားနိုင်ရန် နိုင်ငံတော်မှ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ကို ရေးဆွဲခဲ့သည်။

ယင်းစီမံချက်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်၊ ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများအတွက် အသေးစားလယ်ယာစီးပွားလုပ်ငန်း ပံ့ပိုးပေးခြင်းလုပ်ငန်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်အဖွဲ့ အတွင်းရေးမှူး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည် -

**မေး ။ ။ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်မှာ ဝန်ကြီးဌာနကပါဝင်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို သိပါရစေခင်ဗျာ။**

ဖြေ ။ ။ ကိုဗစ်-၁၉ ရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို ဖြေလျှော့နိုင်ဖို့ ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၈ ရက် ရက်စွဲပါစာနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနကို ပေးပို့လာပါတယ်။

ဒီစီမံချက်ရဲ့ ပန်းတိုင် (၂)အောက်ရှိ ၂.၁.၇ တောင်သူလယ်သမားတွေကို အသေးစား လယ်ယာစီးပွားလုပ်ငန်း ပံ့ပိုးပေးခြင်းလုပ်ငန်း အစီအစဉ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ရမယ့် စီမံချက်ရဲ့ ပန်းတိုင် (၂) အောက်မှာရှိတဲ့ ၂.၁.၇ ပါ (က)၊ (ခ)၊ (ဂ)၊ (ဃ) လုပ်ငန်းအစီအစဉ်နဲ့စပ်လျဉ်းပြီး လုပ်ငန်းစီမံကိန်းတွေ ရေးဆွဲရာမှာ ရန်ပုံငွေလိုအပ်ချက်နဲ့ ကိုက်ညီမှုမရှိတဲ့ လုပ်ငန်းတွေကို ပြန်လည်စိစစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာန ခုနစ်ခုက အကောင်အထည်ဖော် ဆောင်ရွက်မယ်။ စီမံကိန်းလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ငွေကျပ် ၁၃၂၄၆၁ ဒသမ ၅၆ သန်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှာ ပြန်လည်ပေးပို့ခဲ့ပါတယ်။

အဲဒီလို ပြန်လည်ပေးပို့ခဲ့တဲ့အပေါ် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်က ကျင်းပတဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရဲ့ ညှိနှိုင်းအစည်းအဝေးမှာ ၂.၁.၇ (ခ)၊(ဃ)ပါ လုပ်ငန်း စီမံချက်တွေနဲ့ ကိုက်ညီတဲ့ ရန်ပုံငွေ ကျပ်သန်း ၉၂၆၁၁ ဒသမ ၉၇၀ ကို ခွင့်ပြုခဲ့ပါတယ်။

**မေး ။ ။ ဒီခွင့်ပြုရန်ပုံငွေတွေနဲ့ တောင်သူတွေကို ဘယ်လိုပံ့ပိုးကူညီသွားမယ်ဆိုတာကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ ။ ။ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ရဲ့ ပန်းတိုင်(၂)အောက်ရှိ ၂.၁.၇(ခ) အရ တောင်သူလယ်သမားတွေကို ရောင်းအားကျဆင်းပြီး ဝင်ငွေမရှိတဲ့ (သို့မဟုတ်) ပုံမှန် ပြည်ပငွေလွှဲတွေ မရရှိတော့တဲ့ အသေးစားတောင်သူလယ်သမားတွေ အနေနဲ့ မိုးရာသီ စိုက်ပျိုးချိန်အမီ လိုအပ်တဲ့ စိုက်ပျိုးရေးသွင်းအားစုတွေကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ဒီလိုထောက်ပံ့တဲ့နေရာမှာ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စပါးမျိုးစေ့ထုတ်လုပ်ငန်းကေ တစ်သိန်း စီမံကိန်းကို နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၄) ခုမှာရှိတဲ့ မျိုးစေ့ထုတ်တောင်သူ အသင်းအဖွဲ့တွေ၊ မျိုးစေ့ထုတ်ကုမ္ပဏီတွေနဲ့ စိုက်ပျိုးထုတ်လုပ် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ အဓိက လိုအပ်ချက်သွင်းအားစုဖြစ်တဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို တောင်သူတွေ လိုအပ်တဲ့ ပမာဏ၊ လိုအပ်တဲ့အချိန်မှာ အလွယ်တကူရရှိအသုံးပြုနိုင်ပြီး စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားမြင့်မားလာတဲ့အတွက် တောင်သူတွေရဲ့ ဝင်ငွေနဲ့ လူနေမှုဘဝတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်လာမှုတွေကို တုံ့ပြန်ကျော်လွှားသွားနိုင်မှာဖြစ်တဲ့ ဒီစီမံကိန်းကို ရန်ပုံငွေကျပ်သန်း ၁၄၉၁၁ ဒသမ ၃၃၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို အိမ်ခြေ (၁၀၁) အိမ်နဲ့အထက်ရှိတဲ့ ကျေးရွာတွေကို ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၃၀၀ နှုန်းနဲ့ ကျေးရွာ ၁၂၀၀ ၊ အိမ်ခြေ ၅၁ အိမ်နဲ့ ၁၀၀ အကြားရှိတဲ့ ကျေးရွာတွေကို ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၂၀၀ နှုန်းနဲ့ ကျေးရွာ ၅၅၀၊ အိမ်ခြေ ၅၀ နဲ့အောက်ရှိတဲ့ ကျေးရွာတွေကို ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၁၀၀ နှုန်းနဲ့ ကျေးရွာ ၂၅၀ စုစုပေါင်းကျေးရွာ ၂၀၀၀ ရှိ လုပ်ကွက်ငယ်တောင်သူတွေ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူတွေ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုတဲ့ ဆင်းရဲနွမ်းပါးသူတွေ၊ ထုတ်လုပ်မှုတွေကို အစုအဖွဲ့နဲ့ ဆောင်ရွက်လိုတဲ့ အိမ်ထောင်စုတွေ၊ ကုန်ထုတ်လုပ်ငန်း၊ အသေးစား ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ အိမ်ထောင်စုတွေ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်သွားတဲ့ အိမ်ထောင်စုတွေအတွက် ရန်ပုံငွေကျပ်သန်း ၄၂၀၀၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ကာလ ငါးစားသုံးမှုမြင့်မားလာစေဖို့အတွက် လိုအပ်တဲ့ အရင်းအမြစ်တွေဖြစ်တဲ့ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ဆောင်ရွက်ဖို့ မျိုးငါးနဲ့ သားပေါက်တွေ ဖြန့်ဖြူးပေးခြင်းစီမံကိန်းအနေနဲ့ ငါးမွေးကန် ဧက ၁၅၀၀၀၀ မှာ တစ်ဧကကို ငါးသားပေါက် ၂၀၀၀ နှုန်း၊ တစ်ဧကငွေကျပ် ၄၀၀၀၀ နှုန်းနဲ့ ရန်ပုံငွေကျပ်သန်း ၆၀၀၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ၂၀၂၀ ပြည့်နှစ်မကုန်မီ မိုးသီးနှံနဲ့ ဆောင်းသီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ မြေယာပြုပြင်ခြင်းလုပ်ငန်း စီမံကိန်းအနေနဲ့ ကိုဗစ်-၁၉ ကာလအတွင်း တောင်သူတွေ အခက်အခဲမကြုံစေရေးနဲ့ အထောက်အကူဖြစ်စေရေးအတွက် လယ်ယာသုံး စက်ကိရိယာဖြည့်ဆည်းပေးဖို့ တင်ပြလာတဲ့ တောင်သူတွေကို ကူညီဆောင်ရွက်ပေးနိုင်ရန် စက်ဖြင့်ထွန်ယက်ခြင်း၊ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာပြီး ဒေသအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်း ထိခိုက်မှုမရှိစေရေး အထောက်အကူပြုနိုင်စေရန် ရန်ပုံငွေကျပ်သန်း ၁၂၅၆ ဒသမ ၈၅၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်၏ ပန်းတိုင်(၂) အောက်ရှိ ၂.၁.၇ (ဃ) အရ ဆောင်ရွက်မယ့် အစီအစဉ်တွေကိုလည်း ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ ။ ။ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ရဲ့ ပန်းတိုင်(၂)အောက်ရှိ ၂.၁.၇ (ဃ)အရ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေးအတွက် ကျေးလက်ဒေသအတွင်း Cash for Work အစီအစဉ်နဲ့ ဝင်ငွေရရှိမယ့် အလုပ်အကိုင်တွေ ဖန်တီးပေးသွားမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကုန်ထုတ်လမ်းနဲ့ ကျေးရွာအခြေခံ အဆောက်အဦလုပ်ငန်းတွေ ဆောင်ရွက်တဲ့စီမံကိန်းအနေနဲ့ ဆင်းရဲနွမ်းပါးတဲ့ ကျေးရွာ ၂၄၈၈ ရွာမှာ အလုပ်လက်မဲ့၊ ကျပန်းအလုပ်သမားတွေနဲ့ ထိခိုက်လွယ်အုပ်စုတွေဖြစ်တဲ့ ကျေးရွာ၊ ကူးစက်ရောဂါဆိုးရွားစွာ (သို့မဟုတ်) အတော်အသင့် သက်ရောက်မှုရှိတဲ့ ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနဲ့ နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုရှိတဲ့ ကျေးရွာ၊ ကျေးရွာသူ/ကျေးရွာသား စိတ်အားထက်သန်မှု စည်းလုံးညီညွတ်မှု၊ တက်ကြွစွာ ဆောင်ရွက်လိုတဲ့ ကျေးရွာ၊ Multi-dimensional Index များတဲ့ ကျေးရွာ၊ ပြည်ပကို သွားရောက်လုပ်ကိုင်တဲ့ လုပ်သားတွေ အများဆုံးပြန်လည်ရောက်ရှိနေတဲ့ ကျေးရွာတွေမှာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနဲ့ အလုပ်သမားအင်အား အသုံးပြုရတဲ့ (Labour Intensive) လုပ်ငန်းတွေကို ရွေးချယ်ပြီး Cash for Works စီမံကိန်းအတွက် ရန်ပုံငွေ ကျပ်သန်း ၂၅၀၀၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ ကန့်သတ်ချက်တွေ ဖြေလျှော့ပြီးနောက် မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ခြင်းလုပ်ငန်း စီမံကိန်းအတွက် မြို့နယ် ၁၀၀ မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုအများဆုံးဖြစ်ပွားခဲ့တဲ့ မြို့နယ်တွေက မွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူနဲ့ မွေးမြူရေးလုပ်ငန်း အတွေ့အကြုံရှိသူတွေကို တစ်မြို့နယ်ကို မွေးမြူသူသင်တန်းသား ၁၀၀ ရွေးချယ်ပြီး ကျေးရွာအဆင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးတာ (သို့မဟုတ်) အလုပ်လုပ်ကိုင်နိုင်ဖို့ မွေးမြူရေးစနစ်တွေ ပို့ချခြင်းဖြင့် မွေးမြူရေးလုပ်ငန်း အသက်မွေးဝမ်းကျောင်းပညာတွေရရှိပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် သင်တန်းပို့ချပေးမယ့် စီမံကိန်းအတွက် ရန်ပုံငွေကျပ်သန်း ၁၄၄၀ သုံးစွဲသွားမှာ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိတဲ့ ရေလုပ်သားတွေကို ပင်လယ်ပြင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ လုံခြုံရေးအတွက် သင်တန်းပေးဖို့ ပင်လယ်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်တဲ့ ကမ်းရိုးတန်းဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ သင်တန်းအကြိမ် ၃၀ ပို့ချဖို့ ရန်ပုံငွေကျပ်သန်း ၆၀ ဒသမ ၇၇၀ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်အဖွဲ့ အတွင်းရေးမှူး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ လက်တံမြောင်း ၊ လက်ခွဲမြောင်းနှင့် လယ်ကြား ရေနုတ်မြောင်းငယ်တွေ ပြုပြင်တဲ့ လုပ်ငန်းစီမံကိန်းအတွက် နှစ်စဉ် ရေကြီးမှုဒဏ်ခံစားနေရတဲ့ ပဲခူး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ရေဘေးကာကွယ်ရေးတာနဲ့ ရေငန်တားတာတွေ ကြံ့ခိုင်မှုရှိစေဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ဒေသခံလုပ်သား အင်အားစုတွေ ဝင်ငွေရရှိစေဖို့ လူအင်အား အဓိကထားအသုံးပြုပြီး ဆောင်ရွက်မယ့် စီမံကိန်းအတွက် ရန်ပုံငွေကျပ်သန်း ၁၁၃၈ ဒသမ ၈၁၀ သန်း သုံးစွဲသွားမှာ ဖြစ်ပါတယ်။

စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ မြေယာပြုပြင်တဲ့လုပ်ငန်းအတွက် စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်တွေ အသုံးပြုပြီး တောင်သူမှ ကုန်ကျမယ့် စက်သုံးဆီတွေ ကျခံစေပြီး လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်တာ၊ မျိုးစပါးတွေ အခမဲ့ထုတ်ပေးပြီး ဒေသခံတွေက ပျိုးထောင်တဲ့ လုပ်ငန်းတွေ၊ ကြားပေါင်းလိုက်တဲ့လုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့တဲ့ လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်စေပြီး လုပ်အားခတွေရရှိအောင် ရန်ပုံငွေကျပ်သန်း ၂၀၄ သန်း သုံးစွဲသွားမှာဖြစ်ပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေဖို့နဲ့ အိမ်တွင်းတစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုနဲ့ အသေးစားစီးပွားရေးလုပ်ငန်းသစ်တွေ ပေါ်ထွန်းလာစေဖို့အတွက် ဒေသအလိုက် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်၊ အဝတ်အထည်၊ ရက်ကန်းလုပ်ငန်းနဲ့ သစ်၊ ဝါး၊ လက်မှုထည်၊ အသုံးအဆောင်အစရှိတဲ့ အသေးစားတန်ဖိုးမြှင့်လုပ်ငန်း (Value Added Product) ဆောင်ရွက်မယ့်သူ ၉၀၀၀ ကို လေ့ကျင့်သင်ကြားတာနဲ့ ကုန်ထုတ်လုပ်မှုကို တစ်ပါတည်း ဆောင်ရွက်ရတဲ့ On Job Training သင်တန်းသားတွေအဖြစ် ပညာသင်ယူရင်း၊ အလုပ်သင် အလုပ်သမားတွေအဖြစ် ပါဝင်ဆောင်ရွက်ရာမှာ ထိုက်သင့်တဲ့ နေ့တွက်လုပ်အားခ ရရှိခံစားစေနိုင်မယ့် စီမံကိန်းအတွက် ရန်ပုံငွေ ကျပ်သန်း ၆၀၀ ဒသမ ၂၁၀ သန်း သုံးစွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ အခုလိုလုပ်ငန်းတွေ ဖော်ဆောင်ခြင်းကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ အကျိုးကျေးဇူးတွေအနေနဲ့ အခုလို ကိုဗစ်ကာလ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်ဟာ အဓိကပင်မ တာဝန်ဖြစ်တဲ့ စားနပ်ရိက္ခာနဲ့ အာဟာရဖူလုံရေးအတွက် အထောက်အပံ့ကောင်းတွေ ရရှိစေမှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေ လူမှုစီးပွားဘဝတိုးတက်အောင် ဘက်ပေါင်းစုံပါဝင်တဲ့ စီမံချက်ဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၉၂ ဒသမ ၆၁၁ ဘီလီယံ သုံးစွဲသွားမှာဖြစ်လို့ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်နေ ပြည်သူတွေကို သုံးလအတွင်း အလျင်အမြန်ရောက်ရှိခံစားရစေမှာ ဖြစ်ပါတယ်။ ကာလတိုပေမယ့်လည်း ရေရှည်စဉ်ဆက်မပြတ် အကျိုးရှိမယ့် စီမံကိန်းလုပ်ငန်းတွေ ဖြစ်ပါတယ်။

ရပ်ရွာအခြေပြု လုပ်ငန်းတွေပါဝင်တဲ့အတွက် စုပေါင်းလုပ်ဆောင်ခြင်း၊ ပြည်သူအားလုံး လက်တွေ့ပူးပေါင်းပါဝင် အကောင်အထည်ဖော်ရတဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ပြည်သူအားလုံး စနစ်တကျစည်းလုံးညီညွတ်စွာ ဖော်ဆောင်နိုင်ခြင်း၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေ ရရှိခြင်း၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ခြင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေ အရှိန်အဟုန်မပျက် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဒေသတွင်း စီးပွားရေးထိခိုက်နိုင်မှုကို ထိန်းသွားနိုင်ပြီး ဦးမော့လာနိုင်စေမှာ ဖြစ်ပါတယ်။

ကပ်ရောဂါရဲ့ စိန်ခေါ်မှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ လယ်ယာကဏ္ဍအနေနဲ့ ဆောင်ရွက်သွားမယ့်ပုံစံကို တောင်သူလယ်သမားတွေ သိရှိသွားနိုင်ပြီး ကောင်းမွန်တဲ့ စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်ကောင်းတွေ ရရှိဆောင်ရွက်နိုင်တာတွေကို ခံစားသွားနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ထပ်မံဖြည့်စွက် ပြောကြားလိုတာများရှိရင်လည်း ပြောပြပေးပါဦး ခင်ဗျာ။**

ဖြေ ။ ။ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုလျှော့ချရေး CERP ပါလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ ရန်ပုံငွေအရင်းအမြစ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ရယူသုံးစွဲသလို ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေကလည်း ရယူဆောင်ရွက်ထားပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေအစီအစဉ်နဲ့ ကိုဗစ်ကာလ အလွန်မှာ လယ်ယာကုန်ထုတ်လုပ်မှုတွေ တိုးတက်ရေး၊ CERP ၂.၁.၇ (ဂ) ပါ ဈေးကွက်ချိတ်ဆက်ရေး၊ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ရေး၊ အရည်အသွေးစစ်ဆေးတဲ့ ဓာတ်ခွဲခန်းတွေ အဆင့်မြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။ အီးယူ အထောက်အပံ့ ယူရိုသန်း ၇၀ နဲ့ အာဟာရကဏ္ဍ ပြုပြင်ပြောင်းလဲရေး သဘောတူညီချက်ကို မကြာမီလက်မှတ်ရေးထိုး အကောင်အထည်ဖော်သွားဖို့ရှိပါတယ်။ အဲဒီစီမံကိန်းက ကိုဗစ် -၁၉ ကြောင့် ထိခိုက်မှုများလျှော့ချရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက်ပါ ရန်ပုံငွေသုံးစွဲနိုင်ဖို့ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ။

**ထက်လျှံ**

## လေးမျက်နှာမြို့နယ် ကျက်သရေဆောင် သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး ဝန်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**လေးမျက်နှာ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျက်သရေဆောင် အနော်ရထာမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံ စေတီတော်မြတ်ကြီးအား ကမ်းပြို၊ ကမ်းစားမှုကြောင့် ဘုရားကမ်းပြို ကာကွယ်ရေးလုပ်ငန်းများကို ACE Geoformer နည်းပညာဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အရေးပေါ်ရန်ပုံငွေကျပ်သန်း ၃၁၅ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၁၀၀၊ အနံ ၁၃၅ ပေရှိ မြစ်ကမ်းပါးထိပ်မှ မြစ်အောက်ခြေကြမ်းခင်းအထိ အာစီကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရှစ်လက်မထု ကွန်ကရစ် မွေ့ရာဖုံးအုပ်ကာကွယ်ခြင်းနည်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဇူလိုင်လပထမပတ်တွင် ဘုရားကမ်းပြို၊ ကမ်းစားကာကွယ်ရေးလုပ်ငန်းများအားလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ် စသည့်ကမ်းပါးကမ်းနားမှ ကျေးရွာများတွင် ရေတိုက်စား ကမ်းပြိုမှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံများ၏ တင်ပြလာမှုအပေါ် ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီး အစိုးရထံ ဘတ်ဂျက်တောင်းခံကာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရွှေမိုး(မြန်/ဆက်)**



စေတီတော်ခြေရင်း မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

## ကျွန်းလှမြို့နယ်တွင် မဒေါင်လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီး

**ကျွန်းလှ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် လွှတ်တိုက်ကျေးရွာအုပ်စု မဒေါင်ကျေးရွာအနီး မဒေါင်လျှပ်စစ်ရေတင် စီမံကိန်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်က စတင်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုအခါပင်မမြောင်း ပေ ၇၈၀၀၊ လက်တံ ခုနစ်ခု၊ မြေကော်မြောင်းပေ ၃၀၀၀၊ လယ်ကြားမြောင်း ပေ ၃၀၀၀၀ ဖောက်လုပ်ပြီးကြောင်း၊ သဖန်းဆိပ်ဆည်ရေအမှတ် ၅၃၂ ပေ ရောက်လျှင် တောင်သူများ ရေလိုအပ်ပါက ပေးဝေနိုင်ရန် စီစဉ်နေကြောင်း စီမံကိန်းလုပ်ငန်း တာဝန်ခံဦးစီးအရာရှိ ဦးမြင့်နိုင်က ပြောသည်။

အဆိုပါ စီမံကိန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၄၀၁ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး လယ်ဧက ၆၀၀၊ ယာဧက ၁၅၀ တို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ – ၇ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၇၅/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၁ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၄ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၄ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၉၆၃ | ၁၀၁၂၂၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၃၄၁၂ | ၁၃၀၈၅၉၀၀ |
| MCB | ၈၃၀၀ | ၈၁၀၀ | ၁၆ | ၁၃၀၆၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၂၂၉ | ၅၁၅၁၀၀၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၃ | ၆၂၁၀၀ |




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


### မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မင်းတပ်မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၁၁၉ ဦးအား Mobile Tablet များ ထောက်ပံ့ပေးအပ်

**မင်းတပ် ဇူလိုင် ၆**

မင်းတပ်ခရိုင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနခန်းမ၌ အခြေခံကျန်းမာရေးဝန်ထမ်းများအား Mobile Tablet များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် လူမှုရေးဝန်ကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်ငွေစံနှင့် မင်းတပ်ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းတို့က မင်းတပ်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် အခြေခံကျန်းမာရေးဝန်ထမ်း ၁၁၉ ဦးအား Mobile Tablet များ ထောက်ပံ့ ပေးအပ်ကြသည်။

ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေးဆိုင်ရာ သတင်းများ အချိန်မီပေးပို့နိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်၍ Mobile Tablet များ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

မင်းတပ်မြို့နယ် ဟုန်းသာကျေးရွာ၌ တာဝန်ထမ်းဆောင်နေသည့် PHS-2 ဦးအောင်ဇော်ငြိမ်းက "ကျွန်တော်တို့အခြေခံကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာတွေမှာ သွားရောက်ပြီး အသိပညာပေးနိုင်ဖို့ စာရွက်စာတမ်းတွေကို သယ်ယူရတာ အခက်အခဲတစ်ခုဖြစ်တယ်။ အခုလို ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေ အပြည့်အစုံပါတဲ့ Mobile Tablet တွေ ထောက်ပံ့ပေးတဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေအတွက် အထောက်အကူအများကြီး ဖြစ်စေတယ်" ဟု ပြောသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အခြေခံကျန်းမာရေးဝန်ထမ်းများထံ Mobile Tablet များပေးအပ်စဉ်။



မကွေးတိုင်း/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ ကျိုင်းကောင်ကျရောက်ရာ စိုက်ခင်းများအား ကွင်းဆင်းကြစဉ်။

# နေရပ်ပြန် မြန်မာသင်္ဘောသားများ ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဇူလိုင် ၆**

ကော့သောင်းမြို့ အနီးအကျ်ဒမန်ပင်လယ်အတွင်း ရောက်ရှိရပ်နားထားသည့် MT ROTTER DAM ပင်လယ်ကူးသင်္ဘောမှ Sign off ထွက်လာသည့် နေရပ်ပြန် မြန်မာသင်္ဘောသား ၁၂ ဦး ယမန်နေ့ ညနေပိုင်းက ကော့သောင်း မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာရာ ကော့သောင်းမြို့၌ Hotel Quarantine ဝင်ရောက်လျက်ရှိသည်။

သင်္ဘောပေါ်မှ Sign off ထွက်လာသည့် အဆိုပါ မြန်မာသင်္ဘောသား ၁၂ ဦးသည် ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် Captain ဦးနေဇီလာပါ မြန်မာသင်္ဘောသား ၁၂ ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

အဆိုပါ သင်္ဘောသည် MTM-MARITIME CENTER CO., Ltd. မှ ကုန်စည်ပို့ဆောင်သည့် သင်္ဘောဖြစ်ပြီး မလေးရှားနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောပေါ်မှ Sign off ထွက်လာသည့် အဆိုပါ မြန်မာသင်္ဘောသား ၁၂ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများကို ရန်ကုန်အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မကွေးမြို့နယ်၌ ကျိုင်းကောင်(နှံကောင်)များ ကျရောက်၍ စိုက်ပျိုးရေးအဖွဲ့များ ကွင်းဆင်းစစ်ဆေး

**မကွေး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာအုပ်စု ကြူချောင်းကျေးရွာတွင် ကျိုင်းကောင် (နှံကောင်) များ ကျရောက်ကြောင်း ကြားသိရပြီး မကွေးမြို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စိုက်ပျိုးရေးအဖွဲ့များက ကျိုင်းကောင်များ ကျရောက်သည့် အဆိုပါကျေးရွာ စိုက်ခင်းများသို့ ဇူလိုင် ၄ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးမှုများအရ ဒေသခံတောင်သူများ စိုးရိမ်နေသော ကန္တာရကျိုင်းကောင်များ မဟုတ်ဘဲ ဒေသအတွင်း ယခင်ကျရောက်ဖူးသော သစ်ပင်၊ ဝါးပင်၊ ကျွန်းပင်များတွင် ကျရောက်တတ်သော အဝါစက်ပြောက်နှံကောင် (သို့)ကော်ဖီနှံကောင်ခေါ် ကျိုင်းကောင်များသာဖြစ်ကြောင်း၊ အဆိုပါ ကျိုင်းကောင်များသည် ပဲခင်း၊ နှမ်းခင်းများကို ဖျက်ဆီးမှု မရှိတတ်ကြောင်း၊ အနည်းငယ်သာ ကိုက်ဖျက်စားသောက်မှုရှိတတ်ကြောင်း၊ မလိုအပ်ဘဲ ပိုးသတ်ဆေးမသုံးသင့်ကြောင်း၊ ယခုကျိုင်းကောင်များအတွက် စိုးရိမ်ရန် မလိုကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် လက်ရှိကျရောက်နေသော ကျိုင်းကောင်(နှံကောင်)သည် Aularches miliaris (Linnaeus, 1758)ဟု ခေါ်တွင်သော အဝါစက်ပြောက်နှံကောင် (သို့) ကော်ဖီနှံကောင်ဖြစ်၍ ကာလတိုသာ ကျရောက်တတ်ပြီး တစ်လခန့်အကြာတွင် ပျောက်ကွယ်သွားလေ့ရှိသည့်အတွက် မလိုအပ်ဘဲ ပိုးသတ်ဆေးမဖျန်းသင့်ကြောင်းနှင့် အဆိုပါ ကျိုင်းကောင် (နှံကောင်) ကျရောက်မှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



နေရပ်ပြန် မြန်မာသင်္ဘောသားများ ကော့သောင်းမြို့မှတစ်ဆင့် ဝင်ရောက်လာစဉ်။

## အာဖရိက ဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်ရောဂါဖြစ်၍ ဝက်များတွင်ကူးစက်ခံရပါက (၁၀၀ %) သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု များသောကြောင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက်အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခံဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ဋ) တောဝက်နှင့်အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကြမ်း**

**( ၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၈ ခုနှစ်၊ လဆန်း ရက်**

**( ၂၀ ပြည့်နှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း ( ၁ )

## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ဥပဒေအာဏာတည်သည့်နေ့နှင့် ယင်းနေ့နောက်ပိုင်းတွင် ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်စေရမည်။ ထို့ပြင် ဤဥပဒေနှင့် သက်ဆိုင်သည့်ဝန်ထမ်းဖြစ်ကြောင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ဝန်ထမ်းနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဗဟိုရန်ပုံငွေ** ဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့်ရရှိရန် နိုင်ငံတော်ထည့်ဝင်ကြေးနှင့် ဝန်ထမ်းထည့်ဝင်ကြေးများဖြင့် ဤဥပဒေအရ ထူထောင်ထားသည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေကို ဆိုသည်။

( ခ ) **ဗဟိုရန်ပုံငွေအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သော ဗဟိုရန်ပုံငွေအဖွဲ့ကို ဆိုသည်။

( ဂ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဃ ) **ဤဥပဒေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန အသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဌာန၊ အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရုံးများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့အစည်းနှင့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ပြီး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အဖွဲ့အစည်းလည်း ပါဝင်သည်။ သို့ရာတွင် တပ်မတော်သည် ဤဥပဒေပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်း မရှိစေရ။

( င ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကို ဆိုသည်။

( စ ) **အတွင်းရေးမှူးရုံး** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်သည့်ရုံးကို ဆိုသည်။

( ဆ ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟိုရန်ပုံငွေ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

( ဇ ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကို ဆိုသည်။

( ဈ ) **အတွင်းရေးမှူး** ဆိုသည်မှာ ပင်စင်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

( ည ) **ဒါရိုက်တာအဖွဲ့ဝင်** ဆိုသည်မှာ ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်ကို ဆိုသည်။

( ဋ ) **ပြင်ပကျွမ်းကျင်ပညာရှင်** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခု၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိသည့်အပြင် သက်ဆိုင်ရာ ဘာသာရပ် တစ်ခုခုတွင် ကျွမ်းကျင်သူကို ဆိုသည်။

( ဌ ) **ဗဟိုရန်ပုံငွေအဖွဲ့ဝင်** ဆိုသည်မှာ အငြိမ်းစားအကျိုးခံစားခွင့် ရရှိရန် ဗဟိုရန်ပုံငွေသို့ သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်ကြေး ထည့်ဝင်သည့် ဝန်ထမ်းကို ဆိုသည်။

( ဍ ) **ဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း လက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်း တစ်ခုခုတွင် အမြဲတမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဆိုသည်။

( ဎ ) **လစာ** ဆိုသည်မှာ ဝန်ထမ်းက လစဉ်ရရှိသော ဝင်ငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ရာထူးအတွက် ခွင့်ပြုထားသော လစာနှင့် နိုင်ငံတော်အစိုးရက လစာဟူ၍ သတ်မှတ်သည့် အခြားဝင်ငွေများလည်း ပါဝင်သည်။

( ဏ ) **မူရင်းလစာ** ဆိုသည်မှာ ရာထူးအဆင့်တစ်ခုတွင် စတင်ရရှိသည့် ဝန်ထမ်း၏လစာကို ဆိုသည်။

( တ ) **နိုင်ငံတော်ထည့်ဝင်ကြေး** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် တစ်ဦးချင်းစီအတွက် မူရင်းလစာအပေါ်အခြေခံ၍ သတ်မှတ်ရာခိုင်နှုန်းအလိုက် နိုင်ငံတော်ကထည့်ဝင်သည့် ထည့်ဝင်ကြေးကို ဆိုသည်။

( ထ ) **ဝန်ထမ်းထည့်ဝင်ကြေး** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် တစ်ဦးချင်းစီက မိမိတို့လစဉ် ရရှိသည့် မူရင်းလစာမှ သတ်မှတ်ရာခိုင်နှုန်းအလိုက် လစဉ်ထည့်ဝင်သည့် ထည့်ဝင်ကြေးကို ဆိုသည်။

( ဒ ) **ငွေထုတ်သူအရာရှိ** ဆိုသည်မှာ အရအသုံးခန့်မှန်းခြေငွေစာရင်းဘောင်အတွင်း စနစ်တကျစီမံခန့်ခွဲသုံးစွဲရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေး အပ်ထားသူကို ဆိုသည်။

( ဓ ) **အငြိမ်းစားအကျိုးခံစားခွင့်** ဆိုသည်မှာ ဗဟိုရန်ပုံငွေအဖွဲ့ဝင် အငြိမ်းစားယူပြီးနောက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည့် လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာကိုသော်လည်းကောင်း၊ လုပ်သက်ဆုငွေနှင့် တစ်လုံးတစ်ခဲတည်း ခံစားခွင့်ရှိသည့် အငြိမ်းစားလစာကိုသော်လည်းကောင်း ဆိုသည်။

( န ) **ပုဂ္ဂလိကကဏ္ဍ** ဆိုသည်မှာ အစိုးရပိုင်လုပ်ငန်းများ မဟုတ်သည့် တစ်ဦးချင်း သို့မဟုတ် အစုစပ် သို့မဟုတ် ကုမ္ပဏီ၊ ကော်ပိုရေးရှင်းအလိုက် အကျိုးအမြတ်အလို့ငှာ ဖွဲ့စည်းဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

( က ) ပိုမိုထိရောက်၍ စွမ်းဆောင်ရည်ရှိသော ဗဟိုရန်ပုံငွေစနစ် ပေါ်ပေါက်ကျင့်သုံးနိုင်စေရန်၊

( ခ ) ရန်ပုံငွေထူထောင်ထားခြင်းမရှိသည့် သတ်မှတ်အကျိုးခံစားခွင့်စနစ်မှ ဗဟိုရန်ပုံငွေကိုအခြေခံ၍ အကျိုးခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲရန်၊

( ဂ ) ဗဟိုရန်ပုံငွေ ထူထောင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးကို ပံ့ပိုးပေးရန်၊

( ဃ ) ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများဖြင့် ဗဟိုရန်ပုံငွေတိုးပွားစေပြီး ရေရှည်တည်တံ့ခိုင်မာစေသည့် အကျိုးခံစားခွင့်များ ဖြစ်ပေါ်စေရန်၊

( င ) မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် လိုအပ်သောကဏ္ဍတွင် အထောက်အကူဖြစ်စေရန်၊

( စ ) ပုဂ္ဂလိကကဏ္ဍရှိ အဖွဲ့အစည်းများ၏ ဗဟိုရန်ပုံငွေဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

## အခန်း (၃)

## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဝန်ကြီးဌာနသည် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းနိုင်ရန် အစိုးရကိုယ်စားလှယ်များ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် ပြင်ပကျွမ်းကျင်ပညာရှင် အမည်စာရင်းကို အစိုးရအဖွဲ့သို့ လျာထားတင်ပြရမည် –

( က ) မြန်မာနိုင်ငံသား ဖြစ်ခြင်း၊

( ခ ) ရိုးသားဖြောင့်မတ်သော ဂုဏ်သတင်းရှိသူ ဖြစ်ခြင်း၊

( ဂ ) ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေရေးရာ၊ ဝန်ထမ်းရေးရာနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာကိစ္စရပ်များတွင် ဗဟုသုတရှိ၍ အဆိုပါ ပညာရပ်တစ်ခုခုတွင် ကျွမ်းကျင်သူဖြစ်ခြင်း၊

၆။ ဝန်ကြီးဌာနသည် –

( က ) ဤဥပဒေပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေး အရာရှိချုပ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အရာရှိချုပ်တို့ကို ပြင်ပကျွမ်းကျင်ပညာရှင်များအဖြစ် ခန့်အပ်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က)အရခန့်အပ်သည့်ပြင်ပကျွမ်းကျင်ပညာရှင်အတွက် ချီးမြှင့်ငွေနှင့်စရိတ် ကိုလည်းကောင်း၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ ဒါရိုက်တာအဖွဲ့အသစ်ဖွဲ့စည်းနိုင်ရန် ပုဒ်မ ၅ ပါ အမည်စာရင်းကို အစိုးရအဖွဲ့သို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည် အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြု ဆောင်ရွက်နိုင်ရန် –

( က ) ပင်စင်ဦးစီးဌာန၏ ဝန်ထမ်းဖွဲ့စည်းပုံကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဝန်ထမ်းအဖွဲ့အစည်းအတွက် လိုအပ်သည့် အရာထမ်း၊ အမှုထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခန့်ထားရမည်။

( ဂ ) လိုအပ်သည့် ပြင်ပကျွမ်းကျင်ပညာရှင်ကို ခန့်အပ်နိုင်သည်။

၉။ ဝန်ကြီးဌာနသည် –

( က ) ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို ဤဥပဒေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအဖြစ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်သတ်မှတ်နိုင်သည်၊

( ခ ) နိုင်ငံတော်ထည့်ဝင်ကြေး ရာခိုင်နှုန်းနှင့် ဝန်ထမ်းထည့်ဝင်ကြေး ရာခိုင်နှုန်းတို့ကို အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် –

( ၁ ) သတ်မှတ်ရမည်၊

( ၂ ) လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

( ဂ ) မမျှော်မှန်းနိုင်သည့် အခြေအနေများကြောင့် ဗဟိုရန်ပုံငွေ ပံ့ပိုးပေးရန် ဒါရိုက်တာအဖွဲ့က တင်ပြတောင်းခံလျှင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွဲဝေကျခံနိုင်ရန် စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်၊

( ဃ ) သီးခြားရန်ပုံငွေများ ထပ်မံထူထောင်၍ အငြိမ်းစားအကျိုးခံစားခွင့်အပြင် အခြားအကျိုးခံစားခွင့်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဒါရိုက်တာအဖွဲ့ကို လမ်းညွှန်မှု ပြုရမည်၊

( င ) ဝန်ထမ်းထည့်ဝင်ကြေး ထည့်ဝင်ရန် ပျက်ကွက်သူကို အရေးယူရန် နည်းလမ်းများ သတ်မှတ်ရမည်။

## အခန်း(၄)

## ဗဟိုရန်ပုံငွေအဖွဲ့ တည်ထောင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၁၀။ ( က ) ဗဟိုရန်ပုံငွေကို ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲနိုင်ရန် ဗဟို ရန်ပုံငွေအဖွဲ့ကို ဤဥပဒေဖြင့် တည်ထောင်သည်။

( ခ ) ဗဟိုရန်ပုံငွေအဖွဲ့သည် ကိုယ်ပိုင်အမည်၊ အမှတ်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသော တရားဝင်အဖွဲ့အစည်း ဖြစ်သည်။

၁၁။ ဗဟိုရန်ပုံငွေကို ဤဥပဒေအရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။

၁၂။ အစိုးရအဖွဲ့သည် –

( က ) ဝန်ကြီးဌာနက ပုဒ်မ ၅ အရ တင်ပြသည့် အစိုးရကိုယ်စားလှယ်၊ ဝန်ထမ်းကိုယ်စားလှယ်နှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ ပါဝင်စေလျက် ဥက္ကဋ္ဌအပါအဝင် သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံး ခုနစ်ဦး၊ အများဆုံး ၁၁ ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

( ၁ ) အစိုးရအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ ဥက္ကဋ္ဌ

( ၂ ) အနည်းဆုံး နှစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော အစိုးရကိုယ်စားလှယ်များ အဖွဲ့ဝင်

( ၃ ) အနည်းဆုံး နှစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော ဝန်ထမ်းကိုယ်စားလှယ်များ အဖွဲ့ဝင်

( ၄ ) အနည်းဆုံး တစ်ဦးမှ အများဆုံး သုံးဦးအထိ ဖြစ်သော ပြင်ပကျွမ်းကျင်ပညာရှင် အဖွဲ့ဝင်

( ၅ ) ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန အတွင်းရေးမှူး

( ခ ) ဒါရိုက်တာအဖွဲ့ကို ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၃။ ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းများကို ပင်စင်ဦးစီးဌာနက အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၅)

## ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်၏ သက်တမ်း

၁၅။ ( က ) ဥက္ကဋ္ဌ၏ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။

( ခ ) ဒါရိုက်တာအဖွဲ့ဝင်၏ သက်တမ်းသည် လေးနှစ် ဖြစ်သည်။

၁၆။ အစိုးရအဖွဲ့သည် သက်တမ်းကုန်ဆုံးသည့် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကို ထပ်မံ ခန့်အပ်နိုင်သည်။

၁၇။ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်သည် တစ်ဆက်တည်း သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မပြုရ။

၁၈။ ပုဒ်မ ၂၃ အရ အစားထိုးခန့်အပ်ခံရသည့် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် ယခင် ဒါရိုက်တာအဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။
သို့ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် သက်တမ်း၏ ထက်ဝက်ထက် မပိုသော ကြားဖြတ်တာဝန်ယူရသည့်ကာလကို သက်တမ်းတစ်ကြိမ်အဖြစ် မသတ်မှတ်ရ။

၁၉။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် ပြင်ပကျွမ်းကျင်ပညာရှင်သည် မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အကျိုးစီးပွားဆက်နွယ်သော အခြားမည်သည့်အဖွဲ့အစည်းတွင်မှ တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။

၂၀။ အစိုးရအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဒါရိုက်တာအဖွဲ့ဝင်အတွက် ချီးမြှင့်ငွေနှင့် စရိတ်ကို သတ်မှတ်ရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

## ကိုဗစ် - ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

**ပဲခူး ဇူလိုင် ၆**

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ ယနေ့နံနက်ပိုင်းက မေတ္တာပျိုးခင်း ပရဟိတဖောင်ဒေးရှင်းမှ တိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးသုံးပစ္စည်းများ လာရောက်လှူဒါန်းသည်။**

မေတ္တာပျိုးခင်း ပရဟိတဖောင်ဒေးရှင်းမှ အသင်းဝင် ဒေါ်ခင်မျိုးထွန်းက လာရောက်လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ နှာခေါင်းစည်း ၂၀၀၀၀၊ အပူချိန်တိုင်းစက် ၁၀ လုံးနှင့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ ဝယ်ယူရန် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ဆွေ၊ မေတ္တာပျိုးခင်း ပရဟိတဖောင်ဒေးရှင်းမှ ဒေါ်ခင်မျိုးထွန်း၊ ဦးကျော်ဝင်းနိုင်နှင့် ဦးမြဝင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း အလှူပစ္စည်းများ လက်ခံရယူစဉ်။



ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန် မင်းတပ်မြို့ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မင်းတပ် ဇူလိုင် ၆**

ချင်းပြည်နယ် မင်းတပ်မြို့ရှိ တည်ဆောက်ရေး လုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်လူမှုရေး ဝန်ကြီး ဦးပေါင်လွန်းမင်ထန် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်လူမှုရေးဝန်ကြီးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မုံရွာမြို့အဆောက်အဦအထူးအဖွဲ့ (၁၀) မှ တည်ဆောက်သည့် မင်းတပ်ကောလိပ် ပေါင်းစုနှစ်ထပ်စာသင်ဆောင်၊ ဆရာ ဆရာမအဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ပါမောက္ခချုပ်နေအိမ် တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ တာဝန်ယူတည်ဆောက်သည့် အထက(ခွဲ)တပ်မြေဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ အထက(၃) ကျောင်းဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ အထက (၁) ဝန်ထမ်းအိမ်ရာကို လည်းကောင်း၊ ဆေးရုံဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုနှင့် ခွဲစိတ်ဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**ခွီရှိန်းမောင်(ခရိုင်ပြန်/ဆက်)**

## နောင်မွန်မြို့နယ်၌ အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးပေးအပ်

**နောင်မွန် ဇူလိုင် ၆**

ကချင်ပြည်နယ် နောင်မွန်မြို့နယ်တွင် ယမန်နေ့က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ကြေးများ ပေးအပ်သည်။

နောင်မွန်မြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးထောက်ပံ့ပေးအပ်ခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ထောက်ပံ့ရန်ကျန်ရှိနေသေးသော မြို့ပေါ်ရပ်ကွက် အမှတ်(၂)၊အမှတ် (၄)၊ အမှတ်(၅)ရပ်ကွက်များမှ အိမ်ထောင်စုများသို့ ယခုလို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က ပြောကြားသည်။

ထိုသို့ထောက်ပံ့ရာတွင် ပြည်နယ် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က နောင်မွန်မြို့နယ်အတွင်း ပေးအပ်ရန်ကျန်ရှိသော ရပ်ကွက်(၂)မှ အိမ်ထောင်စုခုနစ်စု၊ ရပ်ကွက်(၄)မှ အိမ်ထောင်စုခြောက်စုနှင့် ရပ်ကွက် (၅)မှ အိမ်ထောင်စုခြောက်စုတို့ကို အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **နောင်မွန်(ပြန်/ဆက်)**



ပြည်နယ်ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်နှင့်အဖွဲ့ ထောက်ပံ့ပစ္စည်းများ အိမ်အရောက်ပေးအပ်စဉ်။

## ဘားအံမြို့နယ် သံလွင်မြစ်ကမ်းဘေးရှိ ကျေးရွာချင်းဆက်လမ်း၊ တံတား မြေထိန်းနံရံနှင့် ကမ်းနားမြေပြိုမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၆**


ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ်အနောက်ဘက်ခြမ်းရှိ လှာကာ-ဖားပု-ကျုံပိုက်-ခဲတောက်-ကွန်ကရစ် လမ်းခင်းကျင်းနေမှု၊ ခဲတောက်မြေထိန်းနံရံဆောင်ရွက်ထားမှုနှင့် မိကရင်ကျေးရွာ ကမ်းနားမြေပြိုမှုအခြေအနေများကို ယမန်နေ့က ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ခဲ့သည့် လှာကာ-ဖားပု-ကျုံပိုက်-ခဲတောက်-မုက္ကဒိကွန်ကရစ်လမ်းပိုင်း (၂) မိုင် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ကျုံပိုက်ကျေးရွာ မြစ်ကမ်းပြိုကာကွယ်ရေး မြေထိန်းနံရံဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ မုက္ကဒိကျေးရွာ ကမ်းနားမြေပြိုမှုနှင့် မုက္ကဒိ-ဖားနွဲ့ကျွန်း သံလွင်မြစ်ကူးကြိုးတံတားအနီး ကမ်းပြိုမှု ဆောင်ရွက်ရမည့်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖားကပ်-ရေတွင်းကုန်း လမ်းပိုင်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရသေ့ပျံ-အလံဝန်ကျေးရွာချင်းဆက်လမ်း၊ တံတားဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



စနစ်သစ် အင်္ဂလိပ်စာသင်ကြားမှု အထောက်အကူပြု

# သင်အံ့ဖြေကြား အင်္ဂလိပ်စကား

ENGLISH TEACHING ENGLISH

## ဆရာညွန့်ဝေမိုး

B.A. (Hons.) English

အင်္ဂလိပ်စာ သင်ရိုးသစ်များကို သင်ကြားရာတွင်
အထောက်အကူ ကြီးကြီးမားမားဖြစ်စေမည့်စာအုပ်

Reading Skill, Writing Skill, Listening Skill နှင့်
Speaking Skill များကိုပိုင်ပိုင်နိုင်နိုင် သင်ကြားစေနိုင်မည့်စာအုပ်

အင်္ဂလိပ်စာ သင်ခန်းစာ အစမှအဆုံး အသုံးပြုရမည့်
စာသင်ခန်းသုံး အင်္ဂလိပ်စကား အသုံးအနှုန်းများကို ပြည့်ပြည့်စုံစုံ
ဖော်ပြထား၍ စံနမူနာပြ သင်ခန်းစာများပါ ဖော်ပြထားပါသည်။

Speaking Skill သင်ကြားရေးအတွက် စာသင်သားများအား
လေ့ကျင့်ပေးနိုင်မည့် 30 Dialogues for Classroom Use ပါဝင်သည်။

ဖြန့်ချိရေး - ဒူဝံ စာအုပ်တိုက်၊ အမှတ် ၂၁၂၊ ၃၁ လမ်း (အပေါ်)၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၀၁ ၃၈၅၅၉၇၊ ၀၉ ၇၃၂၀၃၀၃၂
Duwunsarpay facebook Page မှလည်း မှာယူနိုင်ပြီး
အိမ်အရောက် ပို့ဆောင်ပေးပါသည်။

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် -၈၆၂
(ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၈) ရုံးတော်နှင့် ဆက်နွှယ်သည့်
၂၀၂၀ပြည့်နှစ်၊ တရားမဇာရီမှုအမှတ်-၁၀၆

ဒေါ်ဖြူဖြူအေး နှင့် ဦးတင်ဦး
တရားနိုင် တရားရှုံး

အထက်အမည်ပါအမှုမှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်-၁၀၂ နေ တရားရှုံးဦးတင်ဦး (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၆၂၊ အရှေ့ပိုင်းခရိုင်တရားရုံးတော်တွင် ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဒေါ်ဖြူဖြူအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃၁ ရက်(ဒုတိယဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၀ပြည့်နှစ်၊ ဇူလိုင် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန့်ဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၄/ခနဖ(နိုင်)၀၀၉၆၁၉ ကိုင်ဆောင်သူ ဒေါ်အေးအေးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးမာသည် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြို့နယ်မြေစာရင်းရုံးစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ရှေ့မှောက်၌ ၂၉-၅-၂၀၂၀ ရက်တွင် ၂၀၂၀ ပြည့်နှစ်၊ စာချုပ်အမှတ်-၇၆ဖြင့် ဒေါ်ဝါဝါချို ၁၀/မလမ(နိုင်)၀၀၅၂၁၉ ပေါင်မြို့နယ်နေထိုင်သူအား ပေါင်မြို့နယ်၊ စားဖိုအပိုင်တွင်တည်ရှိသော လယ်မြေကိစ္စများအား ခြံခတ်၍လိုအပ်သည်များအား ဆောင်ရွက်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ရာ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဝါဝါချိုသည် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်သူ ဒေါ်အေးအေးမာ၏ ညွှန်ကြားမှုများအား လိုက်နာဆောင်ရွက် ခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိသည့် ကိစ္စရပ်များအား မရိုးမဖြောင့်သော သဘောအပြုအမူများပြုမူဆောင်ရွက်နေသဖြင့် အထက်ဖော်ပြပါ မြဝတီမြို့နယ်၊ မြေစာရင်းရုံး စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရှေ့မှောက်၌ ပေးအပ်ခဲ့သော ၂၀၂၀ ပြည့်နှစ်၊ စာချုပ်အမှတ်-၇၆ ဖြင့် မှတ်ပုံတင်ထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလင်းအောင်
အထက်တန်းရှေ့နေ
စဉ်-၂၆၆၇၃/၀၇
အခန်း(E-14)၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၀၇၄၆၇၉၊ ၀၉-၉၇၂၀၃၈၉၉၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ (၁၉-၆-၂၀၂၀)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)၊ အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲအောင်မြင်သူများစာရင်းအား ရေးဖြေဖြေဆိုခဲ့ကြသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများ၏ ကြော်ငြာသင်ပုန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ website ဖြစ်သော www.drdmyanmar.org တွင် (၇-၇-၂၀၂၀)ရက်နေ့မှစ၍ ထုတ်ပြန်ကြော်ငြာထားပါသည်။

၂။ အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)၊ အငယ်တန်းစာရေးနှင့် စာရင်းကိုင် - ၄ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် စာမေးပွဲဖြေဆိုခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်သတင်းပို့ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၃၂)၊ မြေကွက်အမှတ် (၆၂၃/က)ခြမ်း၊ ဦးသောင်း(၂) အမည်ပေါက်မြေချပါမစ်မှ ပေ(၂၀x၆၀)အား ဒေါ်သဇ္ဇာအေး ၁၂/ဗဟန(နိုင်)၀၈၄၉၂၁ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနှစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်မိုးလှိုင်
၁၂/မရက(နိုင်)၀၁၅၄၈၆
ဖုန်း-၀၉-၇၇၂၉၀၀၀၇၉၊ ၀၉-၂၆၃၆၈၁၃၅၅

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4J/7037 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန(ရွာသာကြီး)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် 1D/9120 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/3113 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

SOUEAST

# Soueast မော်တော်ယာဉ်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၉၂)တွင် ဖွင့်လှစ်ထားသော Dagon Arr Mahn Thit Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

Dagon Arr Mahn Thit Co., Ltd. မှ တပ်ဆင်ထုတ်လုပ်သည့် Soueast မော်တော်ယာဉ်များသည် ကမ္ဘာ့အဆင့်မီ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်ဝသည့် ပစ္စည်းများကိုသာ တပ်ဆင်ထုတ်လုပ်ထားသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ကောင်းမွန်သော ဂုဏ်သတင်းများဖြင့် မော်တော်ကားဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိနေသော ကားများဖြစ်ပါသည်။

ထိုကဲ့သို့ ကောင်းမွန်သော ဂုဏ်သတင်းရှိနေသည့် Soueast မော်တော်ယာဉ်များ၏ အောင်မြင်မှုကို ထိခိုက်နစ်နာစေရန်နှင့် Soueast မော်တော်ယာဉ်များအား တပ်ဆင်ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီ၏အကျိုးစီးပွားအား ထိခိုက်စေပြီး ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် အသရေဖျက်စေသည့် စာသားများရေးသား၍ အင်တာနက် လူမှုရေးကွန်ရက်များပေါ် တွင် Post များတင်ခြင်း၊ Share ခြင်း၊ Comments များဝင်ရောက်ရေးသားခြင်း၊ ပြောဆိုခြင်း၊ မပြုလုပ်ကြရန်နှင့် ထိုကဲ့သို့ပြုလုပ်ထားသူများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

Dagon Arr Mahn Thit Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ် ဘီဘီသိန်း(ခ)ဒေါ် ဘေဘီ (စဉ်-၈၇၉၁)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂


C B BANK
မြန်မာနိုင်ငံတွင် ပထမဦးဆုံး
Smart Branch ဝန်ဆောင်မှုကို
CB Bank ၏ Customer များထံသို့
